
ဦးသန်းဆွေ (ပါမောက္ခ)(ငြိမ်း)
မိုးခြိမ်းတာကြောက်တဲ့အမေ
နှင့်
အခြားပုံပြင်များ

သို့ . . . . . . . . . . . . . . . . . . . . .
. . . . . . . . . . . . . . . . . . . . .

အမှတ်တရ
စာလက်ဆောင်မွန်

မှ . . . . . . . . . . . . . . . . . . . . .
. . . . . . . . . . . . . . . . . . . . .

**ပုံနှိပ်မှတ်တမ်း**

စာမူခွင့်ပြုချက် ၄၃/၂၀၀၁(၉)
မျက်နှာဖုံးခွင့်ပြုချက် ၈/၂၀၀၂ (၁)

ထုတ်ဝေသူ ဦးသန်းဆွေ (မြဲ-၀၁၄၇၃)
စစ်သည်တော်စာပေ
အမှတ် ၁၁၃၁၊ ဥယျာဉ်လမ်း၊
၁၉ ရပ်ကွက်၊ဒဂုံမြို့သစ်(တောင်ပိုင်း)
ရန်ကုန်မြို့။

ပုံနှိပ်သူ ဒေါ်ဝင်းဝင်းအေး (မြဲ-၀၆၇၄၉)
ကောင်းသန့်ပုံနှိပ်တိုက်
အ-ထ-က (၆)၊
ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့။

ပုံနှိပ်ခြင်း ပထမအကြိမ်
၂၀၀၂ ခုနှစ်၊ ဖေဖော်ဝါရီ

အဖုံးဒီဇိုင်း ကိုဆန်း
အတွင်းဖလင် မဟာမီဒီယာ
ကွန်ပျူတာစာစီ ကိုတင်ထွန်း
စာအုပ်ချုပ် စိန်ကြည်
အုပ်ရေ ၅၀၀
တန်ဖိုး ၃၅၀

ဖြန့်ချိရေး ကောင်းသန့်စာပေ၊
အမှတ် ၁၄၇၊ ပ-ထပ်(ဝဲ)၊ ၃၇ လမ်း၊
(လယ်)၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်။ ၂၇၈၃၆၈

**ကောင်းသန့်စာပေ**
အမှတ် ၁၄၇၊ ပ–ထပ်(ဝဲ)၊ ၃၇ လမ်း(လယ်)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
☎ ၂၇၈၃၆၈

**ဒို့တာဝန်အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

❖ ❖ ❖

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်**
**ပြည်ထောင်စုသားအားလုံး၏**
**ပဓာနကျသော တာဝန်ဖြစ်သည်**

❖ ❖ ❖

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက် သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ်သတ် မှတ်ချေမှုန်းကြ။

❖ ❖ ❖

# မိုးခြိမ်းတာကြောက်တဲ့အမေနှင့်

## အခြားပုံပြင်များ

ဦးသန်းထွတ် (ပါမောက္ခ-ငြိမ်း )
ပညာရေးတက္ကသိုလ်

## အမှာစာ

ဤမိုးခြိမ်းတာကြောက်တဲ့ အမေနှင့် အခြားပုံပြင်များသည် မူလတန်းရွယ် ကလေးငယ်များအတွက် အပိုဖတ်ရန် ရည်ရွယ်ရေးသားထားသော ပုံပြင်များဖြစ်ပါသည်။ ဇာတ်တော်လာ မြန်မာပုံပြင်များ၊ တိုင်းရင်းသားပုံပြင်များ၊ နိုင်ငံရပ်ခြားပုံပြင်များမှ ကလေးငယ်များ စိတ်ပါဝင်စားမှု၊ အသိလိမ္မာ တိုးပွားမှုဖြစ်စေနိုင်သော ပုံပြင်များကို ဦးစားပေး ရွေးချယ်ခဲ့ပါသည်။ ဤပုံပြင်များကိုဖတ်၍ ကလေးငယ်များသည် စာဖတ်ဝါသနာ တိုးပွား၍ အလိမ္မာဉာဏ်တိုးပွားနိုင်ပါစေဟူ၍ ဆုမွန်တောင်းလိုက်ပါသတည်း။

**ဦးသန်းထွတ်(ပါမောက္ခ–ငြိမ်း)**

# မာတိကာ

&Cer


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | မိုးခြိမ်းတာကြောက်တဲ့အမေ | ၃ |
| ၂။ | သားအဖနှင့်စပါးနှံ | ၅ |
| ၃။ | ပြောင်းခင်းထဲက ဖိုးသူတော် | ၇ |
| ၄။ | ဘုတ်ကိုကျီးရှိသေ၊ ကျီးကို ဘုတ်ရှိသေ | ၉ |
| ၅။ | ပတ္တမြားမှန်လျှင် နွံ့မှာနစ်စေတော့ အရောင်မညစ် | ၁၁ |
| ၆။ | ရှော့ပတ္တမြား၊ ရှော့နဂါး | ၁၃ |
| ၇။ | ချိုးငှက်နှင့် ပုရွက်ဆိတ် | ၁၅ |
| ၈။ | လင်းယုန်ကို တုပတဲ့ကျီးမိုက် | ၁၇ |
| ၉။ | လယ်သမားနှင့် မြေခွေး | ၁၉ |
| ၁၀။ | နေမင်းနှင့် ဖားများ | ၂၁ |
| ၁၁။ | ဂဏန်းသားအမိ | ၂၃ |
| ၁၂။ | လိမ္မာသော ခွေးကလေး | ၂၅ |
| ၁၃။ | သားလိမ္မာနဲ့ ယုန်ကလေး | ၂၉ |
| ၁၄။ | စားလို့ကောင်းမှ စားပါ | ၃၃ |
| ၁၅။ | ပညာရှိကြီး | ၃၇ |
| ၁၆။ | ပညာရှိသော မိန်းမ | ၄၁ |
| ၁၇။ | နှုတ်ချို သျှိုတစ်ပါး | ၄၃ |
| ၁၈။ | ဆရာကာပြန် အာခေါင်လုံ့ရှူး | ၄၇ |
| ၁၉။ | သမင်မွေးရင်း ကျားစားရင်း | ၄၉ |
| ၂၀။ | သူ့ကိုငါဖျက် ငါ့လျှင်ပျက်၏ | ၅၃ |

| | | |
|---|---|---|
| ၂၁။ | တစ်လုပ်စားဖူး သူ့ကျေးဇူး | ၅၅ |
| ၂၂။ | သူတော်ကောင်း နတ်ကောင်းမ | ၅၇ |
| ၂၃။ | မြွေမသေ တုတ်မကျိုး<br>ရေမနောက် ကြာမလျှောက် | ၆၁ |
| ၂၄။ | အမေမှာ မှာတဲ့ဘတိုင်း | ၆၅ |
| ၂၅။ | အကြောင်းတော် တောင်ပေါ်ကရေစီး | ၆၉ |
| ၂၆။ | စူဠလိပ် ရေထဲလွှတ် | ၇၁ |
| ၂၇။ | ယာခင်းရှင်နှင့် မိုးစွေငှက် | ၇၃ |
| ၂၈။ | မချစ်သော်လည်း အောင့်ကာနမ်း | ၇၇ |
| ၂၉။ | မဘက်လိုက်တော့ မိုက်ဘက်ပါ<br>ဥဒေါင်းမင်းပင် ညွှတ်ကွင်းကျ | ၇၉ |
| ၃၀။ | ခွေးတောက်မြစ်ယှက်၊ စိုက်ရောဖက်က<br>သရက်ပင်မင်း သီးချိုကင်း၏ | ၈၃ |
| ၃၁။ | မောင်လှနဲ့ မိဝိုင်း | ၈၇ |
| ၃၂။ | ကွန်ဂဒူး | ၉၃ |
| ၃၃။ | ဆိုးတိုင်ပင် ကောင်းတိုင်ပင် | ၉၇ |
| ၃၄။ | ခဝဲပန်းနတ်သမီး | ၁၀၁ |
| ၃၅။ | နဂါးကြီးကိုနိုင်တဲ့ ကိုရင်သုမန | ၁၀၃ |
| ၃၆။ | မိဝေးဖဝေး ငုံးကလေး | ၁၀၉ |
| ၃၇။ | မောင်သန်လျင် | ၁၁၃ |
| ၃၈။ | ဖူးစာရှင်ဘယ်သူလဲ | ၁၁၇ |
| ၃၉။ | အဝမ်း | ၁၂၃ |
| ၄၀။ | အဘွားနွား | ၁၃၁ |
| ၄၁။ | ကျေးဇူးကိုသိတတ်သောခြင်္သေ့ | ၁၃၇ |
| ၄၂။ | ဒွေးမယ်နော် | ၁၄၁ |

## မိုးခြိမ်းတာကြောက်တဲ့အမေ

ရှေးရှေးတုန်းက ရွာလေးတစ်ရွာမှာ သားအမိနှစ်ယောက်ရှိကြသတဲ့။ မိခင်အိုကြီးဟာ မျက်စိ မမြင်ဘူး။ သားက တောင်ယာလုပ်ကျွေးပြီး မျက်မမြင်မိခင်အိုကြီးကို စောင့်ရှောက်ပြုစုနေရသတဲ့။

မျက်မမြင် မိခင်ကြီးက မိုးတွင်းအခါမှာ မိုးခြိမ်းသံကိုကြားရင် အလွန်ကြောက်သတဲ့။ ဒါကြောင့် သားဖြစ်သူဟာ မိုးတွင်းမှာ အဝေးကို သွားလို့ မဖြစ်ဘူး။ မိခင်နဲ့ မနီးမဝေးမှာဘဲ အလုပ် လုပ်ရတယ်။ မိုးခြိမ်းတော့မယ်လို့ သိတာနဲ့ တစ်ပြိုင်နက် "အမေ၊ မကြောက်နဲ့ သားအနားမှာရှိတယ်၊ မိုးခြိမ်းတာ" လို့ ပြောပြီး မိခင်အိုကြီးကို ဖက်ထားရတယ်။ ဒါမှ မိခင်အိုကြီးဟာ အကြောက်ပြေသတဲ့။

တဒုန်းဒုန်း တဒိုင်းဒိုင်းနဲ့ မိုးတွေခြိမ်းတိုင်း သားဖြစ်သူဟာ မိခင်ကြီးအကြောက်ပြေအောင် နှစ်သိမ့်ရပါတယ်။ ဒီလိုနဲ့ တစ်နေ့မှာ မိခင်ကြီး နာမကျန်း

ဖြစ်တော့ သားဖြစ်သူဟာ အလွန်ပဲ စိတ်ပူပါသတဲ့။ ဒါပေမဲ့ မိခင်အိုကြီးဟာ ရွာနဲ့သားကိုထားခဲ့ပြီး ကွယ်လွန်သွားရှာသတဲ့ကွယ်။

မျက်ရည်တွေကျပြီး သားဖြစ်သူဟာ မိခင်အလောင်းကိုမြေမှာ မြှုပ်နှံလိုက်တယ်။ သူလုပ်တဲ့ ယာအနီးမှာ မိခင်ခေါင်းချရာ မြေမို့မို့ကလေးကို တစ်ချက်တစ်ချက် လှမ်းကြည့်ရင်း အလွမ်းဖြေရှာသတဲ့။

မိုးတွင်းရောက်လို့ မိုးတွေခြိမ်းတော့ သားဖြစ်သူဟာ အပြေးအလွှား အမေ့မြေပုံရှိရာ မြေမို့မို့ရှိရာကို ပြေးသွားသတဲ့။ မိုးခြိမ်းသံတွေက တဒုန်းဒုန်း တဒိုင်းဒိုင်း လျှပ်ပြက်တဲ့အရောင်တွေကလည်း တဝင်းဝင်းတလက်လက် သားဖြစ်သူဟာ အမေ့မြေပုံကို ပွေ့ဖက်ပြီး . . .

"အမေ မကြောက်နဲ့၊ မကြောက်နဲ့နော် အမေ၊ သားအနားမှာရှိတယ် အမေ။ မကြောက်ပါနဲ့တော့ အမေရယ်"လို့ ပြောလည်းပြော အသက်ရှင်စဉ်က အမေ့ဖြစ်အင်ကို တအောက်မေ့မေ့ဖြစ်ပြီး မျက်ရည်တွေ တသွင်သွင် မြေမို့မို့ပေါ်ကို စီးဆင်းသွားသတဲ့။ အမေကတော့ သားရဲ့ဖြစ်အင်ကို သိမှာမဟုတ်ဘူးလို့လည်း နှုတ်က ပြောရှာသတဲ့ကွယ်။

❑ ❑ ❑

## သားအဖနှင့် စပါးနှံ

တစ်ခါက လယ်သမားတစ်ဦးသည် သားကို ခေါ်၍ လယ်ကွင်းသို့ဆင်းသည်။ စပါးရိတ်ချိန်တန်သည်၊ မတန်သည်ကို ကြည့်ရန်ဖြစ်သည်။ သားအဖနှစ်ယောက် လယ်ကွင်းသို့ရောက်သောအခါ စပါးခင်းများကို လိုက်၍ကြည့်ကြသည်။ သားဖြစ်သူသည် တချို့သော စပါးနှံများ ကိုင်းညွတ်နေသည်။ အချို့သော စပါးနှံများ ထောင်နေသည်ကို သတိပြုမိလေသည်။

သားက "အဖေ၊ ဟိုထောင်နေတဲ့ စပါးနှံတွေဟာ တန်ခိုးကြီးကြတယ် ထင်တယ်။ သူ့နံဘေးက စပါးနှံတွေက ရှိခိုးနေကြတယ် ထင်တယ်"ဟု ပြောလေသည်။ ထိုအခါ ဖခင်ဖြစ်သူက ထောင်နေသော စပါးနှံနှင့် ကိုင်းညွတ်နေသော စပါးနှံကို နှုတ်ယူပြီး သားကိုပြ၏။

"ငါ့သား၊ ကိုင်းညွတ်နေတဲ့ စပါးနှံဟာ မိမိကိုယ်ကို နှိမ့်ချတယ်၊ အသီးလည်း အောင်တယ်၊ အကျိုးများတယ်။ ဟောဒီ ထောင်နေတဲ့ စပါးနှံကတော့ ဘဝင်မြင့်တယ်၊ အသီး မအောင်ဘူး၊ အဆန်မပါတဲ့ စပါးနှံသာဖြစ်တယ်။ လောကမှာ ပညာမဲ့သူဟာ ထောင်နေတဲ့စပါးနှံလိုပဲ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးပြီး ဘဝင်မြင့်တတ်တယ်။ တကယ် ပညာရှိသူကတော့ ညွတ်နေတဲ့ စပါးနှံလိုပဲ ကိုယ့်ကိုယ်ကိုယ် နှိမ်ချတတ်တယ်။ အများအကျိုးကို ဆောင်ရွက်လို့လူတိုင်းက ချစ်ကြည်လေးစားတယ်"

ဖခင်က သားကို စပါးနှံဥပမာပေး၍ ဆုံးမလေသည်။

*ကချင်ပုံပြင်*

## ပြောင်းခင်းထဲက ဖိုးသူတော်

တစ်ခါတုန်းက ဖိုးသူတော်တစ်ယောက် ဆန်ခံဖို့အသွား၊ ပြောင်းခင်းထဲဝင်ပြီး ပြောင်းဖူးချိုးစားလေသည်။ ပြောင်းဖူးမှာ အစေ့မရှိ။ နောက်တစ်ဖူးချိုးသောအခါ၌လည်း ပြောင်းစေ့တစ်စေ့၊ နှစ်စေ့သာ တွေ့ရသည်။ ဖိုးသူတော် ဒေါသထွက်၍ ပြောင်းပင်ကို ဆဲလေသည်။ ပြောင်းပင်က…

"ဦးသူတော် ဆဲရင်လည်း ခံရမှာပေါ့။ မြေကြီးကိုလည်း ကြည့်ပါဦး" ဟု ပြန်ပြောလိုက်သည်။

ဖိုးသူတော်သည် မြေကြီးကိုကြည့်ရာ ပက်ကြားအက်နေသည်ကို တွေ့ရသည်။ ဖိုးသူတော် ဒေါသထွက်၍ မြေကြီးကို ဆဲပြန်သည်။ မြေကြီးက...

"ဦးသူတော် ဆင်းရဲလည်း ခံရမှာပေါ့။ မိုးခေါင်နေတာလည်း ကြည့်ပါဦး"ဟု ပြန်ပြောလိုက်သည်။

ဖိုးသူတော် မိုးပေါ်မော့ကြည့်၍ နေကို ဆဲပြန်သည်။ နေက...

"ဦးသူတော် ဆဲရင်လည်း ခံရမှာပေါ့။ မိုးမှမရွာတာ ဘာတတ်နိုင်မှာလဲ"ဟု ပြန်ပြောလိုက်သည်။

ဖိုးသူတော် ဒေါသထွက်၍ မိုးကို ဆဲပြန်သည်။ မိုးက ...

"ဦးသူတော်၊ ခင်ဗျား သူတော်သူမြတ်လုပ်နေပြီး သူများပြောင်းခင်းထဲဝင်၊ ပိုင်ရှင်မသိဘဲ ချိုးစားနေတာတော်ရော့လား။ မိုးဘယ်လိုလုပ် ရွာတော့မှာလဲ" ဟူ၍ ပြန်ပြောလိုက်လေတော့သည်။

❑ ❑ ❑

## ဘုတ်ကိုကျီးရိုသေ
## ကျီးကိုဘုတ်ရိုသေ

ရှေးအခါက ဘုတ်နှင့်ကျီးသည် အဆွေခင်ပွန်းဖွဲ့၍ နေထိုင်ကြလေသည်။ တစ်နေ့တွင် ကျီးသည် ဘုတ်ကို ဤသို့ပြောဆို၏။ "အဆွေဘုတ်၊ သင်၏ အမွေးကား မြတ်စွာဘုရား၏ သင်္ကန်းတော်နှင့် တူလှပေ၏။ ထို့ကြောင့် အဆွေဘုတ်ကို ငါရိုသေပါ၏" ဟူ၍ ချီးကျူးပြောဆိုလေသည်။

မိတ်ဆွေဖြစ်သော ဘုတ်သည်လည်း ကျီး၏ ချီးကျူးစကားကိုကြားရ၍ လွန်စွာဝမ်းမြောက်ပီတိ ဖြစ်မိ၏။ နောက်တစ်နေ့တွင် ဘုတ်လည်း မိတ်ဆွေဖြစ်သောကျီးကို ဤသို့ချီးကျူး ပြောဆိုပြန်၏။ "အို အဆွေကျီး၊ အဆွေကျီး၏ အမွေးကား မြတ်စွာဘုရား၏ သပိတ်တော်အရောင်နှင့် တူလှပေ၏။ ထို့ကြောင့် အဆွေကျီးကို ကျွန်ုပ်ရိုသေပါ၏"ဟု ဆို၏။ မိတ်ဆွေကျီးသည် ဘုတ်၏ချီးကျူးဂုဏ်ပြုပြောဆိုသော စကားကိုကြားရ၍ လွန်စွာဝမ်းမြောက်ပီတိ ဖြစ်မိ၏။

ဤသို့ အဟိတ်တိရစ္ဆာန်ငှက်များဖြစ်လျက် မြတ်စွာဘုရား၏ "သင်္ကန်းတော်၊ သပိတ်တော်နှင့် တူသည်ဟုဆို၍ အရိုအသေ အလေးအမြတ်ပြုကြကုန်သည်။ ကျီးနှင့်ဘုတ် မိတ်ဆွေနှစ်ဦးအချင်းချင်း လေးစားဂုဏ်ပြုလျက် အပြစ်မမြင် ချစ်ခင်စွာပြောဆိုဆက်ဆံနေထိုင်ကြပုံကို အကြောင်းပြု၍ ရှေးလူကြီးသူမတို့သည် "ဘုတ်ကိုကျီးရိုသေ ကျီးကိုဘုတ်ရိုသေ" ဟူသော ဆိုရိုးစကားပုံ ပြောဆိုကြလေသတည်း။

❑ ❑ ❑

## ပတ္တမြားမှန်လျှင် နွံမှာနစ်စေတော့ အရောင်မညစ်

ရှေးအခါက ဝက်တို့သည် ပတ္တမြားဂူ၌ နေကြသည်။ ထိုဂူအနီးတွင် ခြသေ့ံတစ်ကောင်လည်း နေထိုင်ကျက်စားလေသည်။ ခြသေ့ံအစာရှာထွက်တိုင်း ပတ္တမြားဂူတွင် ခြသေ့ံအရိပ်ထင်လေသည်။ ဝက်တို့သည် ခြသေ့ံရိပ်ကိုမြင်တိုင်း လွန်စွာကြောက်လန့်ကြလေသည်။

ထို့ကြောင့် ဝက်တို့တိုင်ပင်ကြ၍ ရွှံ့အိုင်တွင် ကိုယ်ကိုလူးကာ ပတ္တမြားဂူကို ပွတ်ကြသည်။ ပတ္တမြားဂူမှာ ဝက်တို့ရွှံ့လူးကိုယ်နှင့် ပွတ်ကြသော်လည်း အရောင်မညစ်သည့်ပြင် ထိုး၍ပင် ပြောင်လက်လာလေသည်။

ကြံရာမရ၍ ဝက်အပေါင်းသည် ရသေ့တစ်ပါး ထံသွား၍ ပတ္တမြားဂူကို အရောင်ညှိုးအောင် မည်သို့ပြု ရမည်ကို မေးလျှောက်ကြသည်။ ရသေ့က ပတ္တမြားဂူကို အရောင်ညှိုးအောင်သင်တို့ မစွမ်းဆောင်နိုင်။ ခြသေ့် အရိပ်ကိုကြောက်လျှင် အခြားတောအရပ်သို့ ပြောင်းရွှေ့ နေထိုင်ကြဟု မိန့်ကြားလိုက်လေသည်။

ဤဇာတ်တော် တိကနိပါတ်မဏိသူကရဇာတ် ကို အခြေပြု၍ ရှေးသူဟောင်းတို့သည် "ပတ္တမြားမှန် လျှင် နွံမှာ နစ်စေတော့ အရောင်မညစ်"ဟူ၍ ဆိုရိုး စကားပုံပြုကြလေသည်။

မန်လည်ဆရာတော်ဘုရားကြီးကလည်း

မြရွှေဂူ၊ ပတ္တမြားကိုလ
ဝက်များက ငြူစူစွာ၊ ညွန့်လူးကာတိုက်နဲ့၊
ပွတ်လေလေ၊ ဂူရွှေမှာ အရောင်ထွက်တယ်၊
ရှေးကထက်ကဲ"

ဟူ၍ ကဗျာဖွဲ့တော်မူလေသည်။

❑ ❑ ❑

## ရှော့ပတ္တမြား ရှော့နဂါး

ရှေးသရောအခါ ဗာရာဏသီပြည်သား ဆင်းရဲသား အလမ္ဗာယ်ပုဏ္ဏားတစ်ယောက် ရှိလေသည်။ တစ်နေ့တွင် ပုဏ္ဏားသည် ရသေ့တစ်ပါးနှင့် တွေ့၍ နဂါးနိုင်မန္တန်ကို ရရှိလေသည်။ ပုဏ္ဏားသည် ထိုမန္တန်ကို ရွတ်လျက် ယမုန်နာမြစ်ကမ်းအတိုင်း လျှောက်လာခဲ့သည်။ ထိုအခါ ဘူရိဒတ်နဂါးမင်း၏ မိဖုရားနှင့်နဂါးမတစ်သိုက်သည် ယမုန်နာမြစ်သဲသောင်ပြင်ပေါ်တွင် ပတ္တမြားမျက်ရှင်ကို ချထားကာ ပျော်ပျော်ပါးပါး ရေကစားနေကြသည်။ ထိုစဉ် အလမ္ဗာယ်ပုဏ္ဏား၏ မန္တန်ရွတ်သံကြား၍ ဂဠုန်လာပြီထင်မှတ်ကာ ပတ္တမြားမျက်ရှင်ကို မယူအားဘဲ နဂါးပြည်သို့ ပြန်ပြေးကြလေသည်။ အလိမ္ဗာယ်သည် ပတ္တမြားကို ကောက်ယူ

သိမ်းထားလိုက်လေသည်။ အလမ္ပာယ်ပုဏ္ဏားသည် ဘူရိဒတ်နဂါးမင်းဥပုသ်စောင့်နေရာကို တွေ့ထားသော မုဆိုးသားအဖနှစ်ယောက်နှင့် တွေ့ဆုံ မိလေသည်။ အလမ္ပာယ်ပုဏ္ဏားသည် ဘူရိဒတ်နဂါးမင်း ဥပုသ် စောင့်ရာနေရာကို သိလိုလှသည်။ ထိုနည်းတူ မုဆိုး သားအဖနှစ်ယောက်ကလည်း အလမ္ပာယ်ပုဏ္ဏားလက်မှ အဖိုးတန်ပတ္တမြားကို ရယူလိုကြသည်။ ထို့ကြောင့် အလမ္ပာယ်ပုဏ္ဏားနှင့် မုဆိုးသားအဖတို့သည် အပေး အယူလုပ်ကြသည်။ မုဆိုးက အလမ္ပာယ်ကို ဘူရိဒတ် နဂါးမင်းရှိရာသို့ ခေါ်လာကာ "နဂါးမင်း" ကို ဖမ်းလော့" ဟု ညွှန်ပြလေသည်။ ထိုအခါ အလမ္ပာယ်ကလည်း "ရော့ယူပေတော့ ပတ္တမြား" ဟု ဆိုလျက် ပတ္တမြားကို မုဆိုးလက်သို့ ပေးအပ်လိုက်လေသည်။

ဤဘူရိဒတ်ဇာတ်ကို အကြောင်းပြုလျက် ရှေးလူကြီးသူမတို့ စကားဆိုကြရာတွင် "ရော့ပတ္တမြား ရော့နဂါး" ဟူ၍ စကားဆိုစဉ် ပြုတတ်ကြလေသည်။

❑ ❑ ❑

## ချိုးငှက်နှင့် ပုရွက်ဆိတ်

တစ်ခါတုန်းက ရေအလွန်ငတ်နေတဲ့ ပုရွက်ဆိတ်ကလေးတစ်ကောင်ဟာ ချောင်းထဲက ရေကိုသောက်ဖို့ တရွေ့ရွေ့ ချောင်းစပ်ကို ဆင်းလာသတဲ့။ ချောင်းရေကကြည်ပြီး အေးနေသတဲ့။ ပုရွက်ဆိတ်ကလေးဟာ ရေအလွန်ဆာလို့ ရေသောက်ဖို့ဆင်းလိုက်သတဲ့။ အရှိန်လွန်ပြီး ရေစီးထဲမျောပါသွားပါရော။

ချောင်းကမ်းနံဘေးက သစ်ပင်ပေါ်ကချိုးငှက်တစ်ကောင်ဟာ ပုရွက်ဆိတ်ကလေး ရေထဲမျောပါသွားတာကို လှမ်းမြင်လိုက်သတဲ့။ ချိုးငှက်ကလေးဟာ ပုရွက်ဆိတ်ငယ်ကို သနားလို့ သစ်ကိုင်းငယ်တစ်ခုကို နှုတ်သီးနဲ့ ချိုးဖဲ့ပြီး ရေထဲချပေးလိုက်သတဲ့။ ပုရွက်ဆိတ်ကလေးဟာ ချိုးငှက်ချပေးတဲ့ သစ်ကိုင်းပေါ်တက်ပြီး ရေမနစ်တော့ဘဲ ချမ်းသာရာရသွားပါသတဲ့။

မကြာမြင့်မီ တစ်နေ့မှာ မုဆိုးတစ်ယောက်ဟာ ချိုးငှက်လေးကို ဖမ်းဖို့ တောထဲကိုရောက်လာသတဲ့။ ထောင်ချောင်ကိုထောင်ပြီး တစ်နေရာက ပုန်းပြီးစောင့်နေတယ်။ ချိုးငှက်လေးဟာ ထောင်ချောက်နားကို ရောက်လာပြီး နားနေသတဲ့။ ဒီအခါမှာ ပုရွက်ဆိတ်ကလေးဟာ ချိုးလေးကို ကယ်ဖို့ မုဆိုးကြီးရဲ့ ခြေဖနောင့်ကို တအားကိုက်လိုက်သတဲ့။

မုဆိုးကြီးဟာ နာလွန်းလို့ အမယ်လေးလို့ အော်လိုက်တာ ချိုးငှက်လေးလန့်ပြီး ဘေးလွတ်ရာကို ပျံသွားသတဲ့ကွယ်။ ပုရွက်ဆိတ်ဟာ သူ့ရဲ့ အသက်သခင်ကျေးဇူးရှင် ချိုးငှက်ငယ်ကို ကယ်တင်လိုက်ရလို့ အလွန်ပဲ ပျော်ရွှင်သွားပါသတဲ့။

❑ ❑ ❑

## လင်းယုန်ငှက်ကို တုပတဲ့ ကျီးမိုက်

တစ်ခါတုန်းက သိုးတစ်အုပ်ဟာ ကျောက်တောင်ကုန်းအနီး စားကျက်ကွင်းမှာ အစာစားနေကြသတဲ့။ လင်းယုန်ငှက်တစ်ကောင်ဟာ ကျောက်တောင်ကုန်းပေါ်မှာ နားနေသတဲ့။ သိုးအုပ်ထဲက သိုးငယ်လေးတစ်ကောင်ရဲ့ ကျောကုန်းပေါ်ကို ရုတ်တရက် အဟုန်ပြင်းစွာ ထိုးဆင်းလိုက်ပြီး သိုးငယ်လေးကို ချီသွားသတဲ့။

သစ်ပင်တစ်ပင်ပေါ်မှာ နားနေတဲ့ ကျီးတစ်ကောင်ဟာ လင်းယုန်ငှက်သိုးကလေးကို ထိုးသုတ်သွားတာ လှမ်းမြင်လိုက်သတဲ့။ ငါလည်း လင်းယုန်ငှက်လို ထိုးသုတ်မယ်လို့ စိတ်ရူးပေါက်ပြီး သိုးငယ်တစ်ကောင်ရဲ့ ကျောကုန်းပေါ်ကို ပျံသန်းနားလိုက်သတဲ့။ သိုးငယ်ကို ထိုးသုတ်ပြီး မချီရန် အမျိုးမျိုးကြိုးစားသတဲ့။ ဒါပေမဲ့ အမွေးအမျှင်တွေမှာ ကပ်ငြိနေသတဲ့။ ရုန်းလို့လည်း မရ၊ ပျံတက်လို့လည်း မရဘူးတဲ့။ တအားအားနဲ့ အော်ဟစ်မြည်ကြွေးနေတုန်း သိုးကျောင်းသားတွေရောက်လာပြီး ကျီးကန်းကို ဖမ်းယူသွားသတဲ့ကွယ်။

❑ ❑ ❑

## လယ်သမားနှင့်မြေခွေး

တစ်ခါတုန်းက မြေခွေးတစ်ကောင်ဟာ လယ်သမားတစ်ဦးရဲ့ ခြံတွင်းသို့ ညအခါဝင်ပြီး ကြက်တွေကို ခိုးယူသတ်စားလေ့ရှိသတဲ့။ ကြက်တွေပျောက်နေတာသိတဲ့ လယ်သမားဟာ ထောင်ချောက်ထောင်ပြီး မြေခွေးကို ဖမ်းလိုက်သတဲ့။

ငါ့ကြက်တွေ ခိုးတဲ့မြေခွေး သိကြရောပေါ့ ကွာဆိုပြီး အမြီးကို ကောက်ရိုးနဲ့ပတ်၊ မီးရှို့ပြီး လွှတ်လိုက်သတဲ့။ အမြီးကို မီးလောင်တော့ ပူလွန်းလို့ မြေခွေးဟာ ကျယ်လောင်စွာ အော်ဟစ်ပြီး ဟိုပတ်ပြေး ဒီပတ်ပြေး ပြေးသတဲ့။

လယ်ကွင်းထဲမှာ လယ်သမားရဲ့စပါးပင်များဟာ မှည့်ဝင်းလို့ ရိတ်သိမ်းရတော့မယ်။ အဲဒီလယ်ကွင်းထဲကို မြေခွေးဟာ ဖြတ်ပြေးသတဲ့။ စပါးပင်တွေ မီးစွဲလောင်ပြီး စပါးပင်တစ်ကွင်းလုံး မီးလောင်ပျက်စီးသွားပါရောတဲ့ကွယ်။

လယ်သမားကြီးလည်း ပင်ပင်ပန်းပန်း သူစိုက်ထားတဲ့ စပါးလယ်ကွင်း မီးစွဲလောင်နေတာ ငေးကြည့်ရင်း သူ့ရဲ့ ဆုံးရှုံးမှုအတွက် နောင်တရပါသတဲ့။ မြေခွေးကို ဒေါသထွက်ပြီး အမြီးကို မီးရှို့လိုက်တာ "ငါမှားပြီ"လို့ နောင်တရပါသတဲ့ကွယ်။

❑ ❑ ❑

## နေမင်းနှင့် ဖားများ

တစ်ခါတုန်းက မိုးကောင်းကင်က နေမင်းကြီးဟာ "ငါ အိမ်ထောင်ပြုမှာပဲ"လို့ စိတ်ကူးသတဲ့။ အဲဒီစိတ်ကူးကို သိကြတဲ့ ဖားတွေဟာ ကောင်းကင်ကိုမျှော်ပြီး ထိတ်ထိတ်လန့်လန့်နဲ့ သံပြိုင်ဟစ်အော်ကြသတဲ့။

အလွန်ဆူညံသံတွေကိုကြားတော့ မိုးနတ်မင်းကြီးဟာ ဖားတွေထံ ရောက်လာပါသတဲ့။ ဘာကြောင့်အသင်ဖားတို့ ကြောက်လန့်အော်ဟစ်နေကြသလဲလို့မေးလိုက်ပါသတဲ့။

"အရှင်နတ်မင်းကြီး ကောင်းကင်က နေမင်းဟာ အိမ်ထောင်ပြုမယ်လို့ စီစဉ်နေပါတယ်။ ဒါကြောင့် ကျွန်ုပ်တို့ ဖားများ အော်ဟစ်နေခြင်းဖြစ်ပါသည်"လို့ ဖားတွေက ပြန်ပြောကြသတဲ့။

ဒီတော့ နတ်မင်းကြီးက မေးသတဲ့။ နေမင်းက သူ့ဟာသူ အိမ်ထောင်ပြုတာ မင်းတို့နဲ့ ဘာဆိုင်လို့တုန်းလို့ မေးသတဲ့။ ဒီအခါမှာ ဖားတွေက ဆိုင်ပါတယ်နတ်မင်းကြီး။ ကျွန်တော်တို့ဟာ နေမင်းတစ်ပါးတည်းရဲ့ အပူရှိန်ကိုတောင် အတော်ခံရတယ်။ နေမင်းအိမ်ထောင်ပြုရင် သူ့မယား၊ သူ့သားသမီး နေကလေးတွေရဲ့ အပူရှိန်ကိုပါ ခံရရင် ဖားအပေါင်း သေကျေပျက်စီးကုန်ပါလိမ့်မယ်လို့ ပြန်လည်ပြောကြသတဲ့။ ဒီတော့ နတ်မင်းကြီးလည်း –

"အေး မင်းတို့ ဖားတွေပြောတာလည်း ဟုတ်တာပဲ"လို့ ပြောပြီး မိုးကောင်းကင်ထဲကို ဝင်ရောက်ပျောက်ကွယ်သွားသတဲ့ကွယ်။

❑ ❑ ❑

## ဂဏန်းသားအမိ

တစ်ခါတုန်းက ဂဏန်းမကလေး တစ်ကောင်ဟာ ပင်လယ်ကမ်းစပ်တစ်နေရာမှာ ဟိုကိုသွားလိုက် ဒီကိုသွားလိုက်၊ လမ်းသလားနေသတဲ့။ ဂဏန်းတွေလမ်းသွားတဲ့အခါ ရှေ့တည့်တည့်ကို သွားလေ့မရှိဘူး။ ဘေးတိုက်ကားယားကားယားနဲ့ သွားတတ်တယ်။ ဂဏန်းမလေးဟာလည်း ရှေ့တည့်တည့် မသွားဘဲ၊ ဘေးတိုက် တရွေ့ရွေ့သွားနေသတဲ့။

သမီးလေး ဂဏန်းမ ဘေးတိုက်သွားနေတာကိုတွေ့တဲ့ မိခင်ဂဏန်းမကြီးဟာ “သမီး၊ လမ်းသွားတာ ကောင်းကောင်းသွားပါလား၊ ဘာလို့ ဘေးတိုက်သွားနေတာလဲ။ ကြည့်ရတာ အရုပ်ဆိုးပါတယ်။ ဘယ်သတ္တဝါမှ သမီးလို မသွားပါဘူး”လို့ အပြစ်တင်ပြောဆိုလိုက်သတဲ့။

မိခင်ရဲ့ ပြစ်တင်စကားကို ကြားရတော့ ဂဏန်းမလေးက “အမေ၊ သမီးအတတ်နိုင်ဆုံး၊ အကောင်းဆုံးသွားတာပဲ။ အမေက အခြားနည်းနဲ့ သမီးကို သွားစေလိုရင် အတုယူနိုင်အောင် အမေလည်း ဘေးတိုက်မသွားဘဲ နမူနာသွားပြပါလား အမေလို့” ပြောလိုက်ပါသတဲ့။

❑ ❑ ❑

## လိမ္မာသော ခွေးကလေး

ရှေးရှေးတုန်းက ရွာကလေးတစ်ရွာမှာ နွား ကျောင်းသားတစ်ဦးရှိသတဲ့။ အဲဒီနွားကျောင်းသားမှာ ခွေးလေးတစ်ကောင်ရှိသတဲ့။ ခွေးလေးက သိပ်ပြီးလိမ္မာ တယ်။ တစ်နေ့မှာ ရဟန်းတစ်ပါးဟာ နွားကျောင်းသား နေတဲ့ တဲအိမ်ရှေ့မှာ ဆွမ်းခံကြွလာသတဲ့။ နွား ကျောင်းသားဟာ ရဟန်းတော်ကို အလွန်ကြည်ညိုလို့ ဆွမ်းကပ်လှူပြီး တဲအိမ်နဲ့ မနီးမဝေးမှာ သီတင်းသုံး နေထိုင်ပါဘုရားလို့ တောင်းပန်သတဲ့။ ရဟန်းတော် လည်း နွားကျောင်းသားတောင်းပန်တဲ့အတွက် မနီး မဝေးတောအုပ်မှာ သီတင်းသုံးနေထိုင်တော်မူသတဲ့။

နွားကျောင်းသားဟာ နေ့စဉ်နေ့တိုင်း ရဟန်းတော်ရှိရာ တောအုပ်ကိုသွားပြီး ဆွမ်းစားဖို့ ပင့်လျှောက်တယ်။ တောအုပ်ကိုသွားတိုင်းသွားတိုင်း ခွေးကလေးက အမြဲပဲ နွားကျောင်းသားရဲ့ နောက်က တကောက်ကောက်လိုက်တတ်တယ်။ နွားကျောင်းသားက လမ်းမှာတွေ့တဲ့ ချုံပုတ်၊ သစ်ပင်တွေထဲမှာ သားရဲတိရစ္ဆာန်တွေ ဝေးရာပြေးအောင် ပုတ်ခတ်ရိုက်နှက်တတ်တယ်။ အဲဒါကိုလည်း ခွေးလိမ္မာလေးက မှတ်ထားတယ်။

တစ်နေ့ကျတော့ နွားကျောင်းသားက ရဟန်းတော်ကို လျှောက်ထားသတဲ့။

"တပည့်တော် မအားလပ်တဲ့အခါ တပည့်တော်ကိုယ်စား၊ ခွေးကလေးကို လွှတ်လိုက်ပါမယ်ဘုရား။ ခွေးငယ်ရောက်လာချိန်ကျရင် အရှင်ဘုရားဆွမ်းအလှူခံဖို့ တဲကိုကြွခဲ့ပါဘုရား"လို့ လျှောက်ထားသတဲ့။

နွားကျောင်းသား မအားလပ်တဲ့နေ့တွေမှာ "ချစ်သား ရဟန်းတော်အရှင်မြတ်ကို သွားရောက် ပင့်ဆောင်ပါ"လို့ ခွေးကလေးကို စေခိုင်းလိုက်သတဲ့ ခွေးလိမ္မာလေးဟာ ဆွမ်းခံချိန်ရောက်တော့ အရှင်မြတ် သီတင်းသုံးတဲ့ တောအုပ်ကို ပြေးလွှားသွားသတဲ့။ ရဟန်းတော် အရှင်မြတ်ထံရောက်တဲ့အခါ ခြေရင်းမှာ

ဝပ်တွားနေသတဲ့။ အရှင်မြတ်က "သြော်...ခွေးလိမ္မာကလေးဟာ ငါ့ထံဆွမ်းစားကြွဖို့ လာရောက်ပင့်တာပဲ" လို့ သိလိုက်သတဲ့။ ခွေးလိမ္မာလေးက လမ်းမတိုင်း လမ်းပြပင့်ဆောင်သွားသတဲ့။ သစ်ပင်ချုံပုတ်တွေ တွေ့ရင်လည်း သူ့သခင်လုပ်သလို ဘေးကင်းအောင် သားရဲတွေလန့်ပြေးအောင် ကျယ်ကျယ်လောင်လောင် ဟောင်သတဲ့။

ရဟန်းတော်မြတ်က ခွေးလေးကို ဉာဏ်စမ်းလိုတာနဲ့ တခြားလမ်းဘက်က ကြွလှမ်းသွားသတဲ့။ အဲဒီအခါမှာ ခွေးလိမ္မာလေးက လမ်းမှန်မဟုတ်လို့ ရဟန်းတော်ရှေ့က ကာဆီးပြီးရပ်သတဲ့။ လမ်းမှန်ဘက်ကသွားမှ ဆက်ပြီးသွားသတဲ့။

ရဟန်းတော်လည်း နွားကျောင်းသားနေတဲ့ တဲကိုရောက်တော့ ဆွမ်းဘုဉ်းပေးတယ်။ ဆွမ်းအကျန်ကို ခွေးလိမ္မာလေးကို ကျွေးလေ့ရှိသတဲ့။ ဒါကြောင့် ခွေးလိမ္မာလေးက သူ့သခင်နွားကျောင်းသားကိုလည်း ချစ်ရတယ်။ ရဟန်းတော်ကိုလည်း အလွန်ချစ်ခင်မြတ်နိုးသတဲ့။

သီတင်းဝါလကျွတ်တဲ့အခါမှာလည်း နွားကျောင်းသားက ရဟန်းတော်ကို "အရှင်ဘုရား၊ ဒီမှာပဲ သီတင်းသုံးနေထိုင်လိုပါက နေနိုင်ပါတယ်။ အခြားအရပ်

ဒေသကို ကြွလိုပါကလည်း ကြွနိုင်ပါတယ်ဘုရား”လို့ လျှောက်ထားသတဲ့။ ရဟန်းတော်အရှင်မြတ်က အရပ်တစ်ပါးကိုကြွလိုကြောင်း ပြောသတဲ့။

ရဟန်းတော် အခြားအရပ်ဒေသကို ကြွတော့မယ်ဆိုတော့ နွားကျောင်းနဲ့ သူ့ရဲ့ ခွေးလိမ္မာလေးဟာ ခရီးတစ်ဝက်အထိ လိုက်ပို့ကြသတဲ့။ ခရီးတစ်ဝက်ရောက်တော့ ရဟန်းတော်ကို နွားကျောင်းသားကရှိခိုးနှုတ်ဆက်သတဲ့။ ခွေးလိမ္မာလေးကလည်း အဝေးကို ကြွလှမ်းသွားတဲ့ ရဟန်းတော်ကိုကြည့်ငေးရင်း လွမ်းကျစ်ရစ်ခဲ့သတဲ့ကွယ်။

❑ ❑ ❑

## သားလိမ္မာနဲ့ ယုန်ကလေး

ရှေးရှေးတုန်းက ရွာတစ်ရွာမှာ မိခင်အိုနဲ့ သားနှစ်ယောက် ရှိကြသတဲ့ကွယ်။ တစ်နေ့မှာ မိခင်အိုကြီးဟာ ဖျားနာပြီး ရောဂါလည်း အလွန်ပြင်းထန်သတဲ့။ သားနှစ်ယောက် မိခင်ကြီးအတွက် အလွန်စိုးရိမ်ပူပန်ကြသတဲ့။ ဆေးဆရာကို အမြန်ခေါ်ပြီးမိခင်

ကြီး ကျန်းမာအောင်ကုသကြသတဲ့။ ဆေးဆရာကြီး က "အမောင်တို့ ယုန်သားကျွေးလိုက်ရင် မိခင်ကြီးရဲ့ ရောဂါတစ်ခဏအတွင်း ပျောက်လိမ့်မယ်၊ ယုန်အရှင်ကို ဖမ်းခဲ့ပါ"လို့ မှာကြားသတဲ့။

အစ်ကိုဖြစ်သူက "ကဲ ညီလေး တောထဲ ကိုသွား၊ ယုန်ထောင်ပြီး ယုန်သားရအောင် ရှာဖွေခဲ့ ပါ"လို့ မှာလိုက်တယ်။ ညီငယ်ဟာလည်း အစ်ကို ကြီးမှာကြားတဲ့အတိုင်း ယုန်ဖမ်းဖို့ တောထဲကို ထွက်ခဲ့ သတဲ့။ တောစပ်ကိုရောက်တော့ ညီငယ်ဟာ ယုန် ကလေးတစ်ကောင်ကို တွေ့လိုက်သတဲ့။

ယုန်ကလေးဟာ ရွက်နုကလေးတွေ စားနေ သတဲ့။ ညီငယ်ကိုလည်းမြင်ရော ရွက်နုစားနေတဲ့ ယုန် ကလေးဟာ ကြောက်လန့်ပြီး တစ်ဟုန်ထိုးထွက်ပြေးပါ လေရောတဲ့ကွယ်။ ဒါပေမဲ့ ကံမကောင်းတဲ့ ယုန် ကလေးဟာ နွယ်ပင်နဲ့ငြိပြီး မပြေးနိုင်တော့ဘူး။ ညီငယ် ဟာ အပြေးလိုက်လာပြီး နွယ်မှာငြိနေတဲ့ ယုန်ကလေးကို ကောက်ယူဖမ်းလိုက်သတဲ့။ ညီငယ်ရဲ့ လက်ထဲ ရောက်နေတဲ့ ယုန်ကလေးဟာ ကြောက်ရှာလွန်းလို့ တစ်ကိုယ်လုံး တုန်တုန်ယင်ယင် ဖြစ်နေရှာတယ်။ မျက်လုံးကလေးတွေကလည်း ရီဝေနေရှာတယ်။ ညီငယ်

ဟာ သူ့လက်တွင်းရောက်နေတဲ့ ယုန်ကလေးရဲ့ဖြစ်အင်ကိုကြည့်ပြီး သနားသွားမိတယ်။ ယုန်ကလေးခမျာ သေရမှာကြောက်ရှာလွန်းလို့ တုန်နေတာပဲ။ ငါလည်း သေရမှာကြောက်တာပဲ။ ငါ့မိခင်လည်း သေရမှာကြောက်တာပဲ၊ ငါ့မိခင် အသက်မသေအောင် ယုန်ကလေးရဲ့အသက်ကို သတ်ရမယ်ဆိုတာ မတရားဘူးလို့ စိတ်ကူးမိပြီး ယုန်ကလေးကို တောထဲသို့ ပြန်လွှတ်ပေးလိုက်သတဲ့။ ယုန်ကလေးဟာ ဝမ်းသာအားရနဲ့ တောစပ်ထဲ ပြေးလွှားသွားသတဲ့ကွယ်။

ညီငယ်အိမ်ရောက်တော့ အစ်ကိုကြီးက "ယုန်ပါသလား"လို့ မေးလိုက်သတဲ့။ ညီငယ်က ယုန်ကလေးကို သနားလို့ ပြန်လွှတ်လိုက်တယ်လို့ ပြောသတဲ့။

အစ်ကိုကြီးက ညီငယ်ကို "မိခင်ကို မသနားဘူး"လို့ ကြိမ်မောင်းပြောဆိုသတဲ့။ မိခင်ကြီးက "မဆူပါနဲ့ သားကြီးရယ်။ မင်းရဲ့ ညီငယ် မှန်ပါတယ်။ သူ့အသက်သတ်တာ မကောင်းဘူး"လို့ ဆုံးမသတဲ့။

ညီငယ်က "ကျွန်တော်ဟာ သိတတ်တဲ့အရွယ်ကစပြီး သူတစ်ပါးအသက်ကို မသတ်ခဲ့ပါဘူး။

ဤစကားမှန်လျှင် မိခင်ကြီးရဲ့ ရောဂါပျောက်ကင်းပါစေသား"လို့ သစ္စာ ဆိုလိုက်သတဲ့။

အဲဒီသစ္စာစကားကြောင့် နာမကျန်းဖြစ်နေတဲ့ မိခင်ကြီးဟာ ချက်ချင်းပဲ ကျန်းမာရွှင်လန်းပြီး နေကောင်း သွားသတဲ့ကွယ်။

❑ ❑ ❑

## စားလို့ကောင်းမှ စားပါ

တစ်ခါက သူဌေးကြီးတစ်ယောက်မှာ သားနှစ်ယောက်ရှိသည်။ သူဌေးကြီး ကွယ်လွန်ခါနီးမှာ သားနှစ်ယောက်ကိုခေါ်၍ ပစ္စည်းများကို အညီအမျှခွဲဝေပေးလိုက်သည်။ “ငါ့သားများ၊ လူ့ဘဝမှာ စားကောင်းမှ စားပါ။ စားလို့မကောင်းရင် မစားပါနဲ့”လို့ မှာကြားပြီး၊ သေဆုံးသွားသည်။ ညီငယ်သည် ဖခင်မှာခဲ့သည့်

အတိုင်း အကောင်းဆုံးအစာများကို နေ့တိုင်းရှာဖွေ စားသောက်ရာ နောက်ဆုံး၌ မွဲသွားလေတော့သည်။

တခြားမြို့မှာ အိမ်ထောင်ကျနေသော အစ်ကို ကြီး ချမ်းသာနေကြောင်း ကြားရ၍ ညီငယ်သည် အစ်ကိုကြီးရှိရာ မြို့သို့သွားလေသည်။ အစ်ကိုကြီးအိမ်သို့ ရောက်သောအခါ ညီငယ်က "အစ်ကိုကြီး၊ အဖေ မသေခင်က မှာခဲ့တဲ့အတိုင်း စားလို့ကောင်းမှ စားပါ ဆိုလို့ နေ့တိုင်းကောင်းတာတွေ ဝယ်စားလို့ ခု၊ ကျွန်တော်တော့ မွဲနေပြီ။ အစ်ကိုကြီးကော အဖေ့စကား နားထောင်ရဲ့လား"ဟု မေးလိုက်သည်။ "အဖေ့စကားကို နားထောင်ပါတယ်။ စားလို့ကောင်းမှ စားပါတယ်။ ဒီလိုနဲ့ အစ်ကိုကြီး တစ်နေ့တခြား ချမ်းသာကြွယ်ဝလာတာပေါ့"ဟု အစ်ကိုဖြစ်သူက ညီငယ်ကို ပြန်ဖြေလိုက်သည်။ ညီငယ်က "ဒါဖြင့် အစ်ကိုကြီး နေ့တိုင်းဘာတွေ စားသလဲ။ ကျွန်တော်သိချင်တယ်"ဟု မေးမြန်းသည်။ အစ်ကိုဖြစ်သူက–

"သိရပါတယ် ငါ့ညီ။ ဒီနေ့မနက်ပဲ အစ်ကိုကြီးနဲ့အတူ မနက်စာ စားပါ"ဟု ဖိတ်ခေါ်လိုက်သည်။ ညီအစ်ကိုနှစ်ယောက် လယ်ထဲသို့ အတူဆင်းကြသည်။ အစ်ကိုကြီးက ညီငယ်ကို "ဒီ မနက်အစ်ကို

ကြီးကို ဝိုင်းကူပြီး အလုပ်လုပ်ပေးပါ။ ပြီးမှ စားလို့ကောင်းတဲ့အစာကို အတူစားကြတာပေါ့”ဟု ပြောလိုက်သည်။ ညီငယ်က အစ်ကိုကြီးနှင့်အတူ ကူညီပြီးအလုပ်လုပ်ပေးသည်။ မွန်းတည့်အချိန် ရောက်သောအခါ ညီငယ်သည် အလွန်ဆာလာသည်။ ညီငယ်က “အစ်ကိုကြီး၊ လုပ်ငန်း မသိမ်းသေးဘူးလား၊ ခဏရပ်ပါဦး၊ ကျွန်တော်ဖြင့် ဆာလှပြီ”ဟု ပြောသည်။

“ငါ့ညီ ဆာရင်လည်း အလုပ်သိမ်းလိုက်တော့မယ်” ဆိုပြီး ညီအစ်ကိုနှစ်ယောက် အိမ်ပြန်လာကြသည်။ အိမ်သို့ရောက်သောအခါ ငါးပိဖုတ်၊ တို့စရာနှင့် ထမင်းကို မြိန်ရေရှက်ရေစားကြသည်။ ထမင်းစားပြီးလျှင်“ငါ့ညီ၊ စားလို့ကောင်းရဲ့လား” “ကောင်းလိုက်တာ အစ်ကိုကြီးရယ်၊ မြိန်လိုက်တာလည်း အလွန်ပဲ”

“အေး ငါ့ညီ မှတ်ထားကွဲ့။ စားလို့ကောင်းမှ စားပါဆိုတာ နေ့တိုင်း ဆီဦးထောပတ်တွေ၊ ကြက်သား၊ ဝက်သားတွေ စားနေဖို့ အဖေမှာခဲ့တာ မဟုတ်ဘူး။ ဆာရင် စား၊ ကောင်းတာပဲ။ အလုပ်လုပ်ရင် ဆာလာမယ်။ ဆာတဲ့အခါ စားရတဲ့ထမင်းဟင်းဟာ ဘာပဲဖြစ်ဖြစ် ကောင်းနေမှာပဲပေါ့။ အလုပ်လည်း ပြီး၊ အကျိုးလည်းများ၊ ငွေကုန်လည်း သက်သာတာပေါ့”

ညီဖြစ်သူလည်း အစ်ကိုကြီး ပြောစကားကို သဘောပေါက်ပြီး လုပ်ကိုင်စားသောက်သောကြောင့် မကြာမီ စီးပွားချမ်းသာရလေသည်။

❑ ❑ ❑

## ပညာရှိကြီး

တစ်ခါက ရွာတစ်ရွာမှာ မိမိကိုယ်ကို ပညာရှိဟု အထင်ကြီးနေသော လူတစ်ယောက်ရှိလေသည်။ တစ်နေ့တွင် ရွာလယ်မှ လူငယ်များက ထိုပညာရှိဆိုသူကို အရေးတကြီးလာရောက် ခေါ်လေသည်။ လူငယ်များနောက်သို့ ထိုပညာရှိကြီး တကောက်ကောက်

လိုက်သွား၍ တဲရှေ့သို့ ရောက်လေ၏။ တဲရှေ့ရေအိုး ထဲတွင် ခေါင်းစွပ်လျက် မထုတ်နိုင်၊ မရုန်းနိုင်ဖြစ်နေ သော နွားငယ်တစ်ကောင်ကို လူငယ်များက လက်ညှိုး ထိုးပြလျက် ...

"ဦး ခင်ဗျား၊ ဒီနွားလေး အိုးထဲ ခေါင်းငုံ့ရေ သောက်ရင်း ခေါင်းကျွံသွားပြီး ပြန်မထုတ်နိုင်တော့ဘူး။ ဒီပြဿနာကို ဖြေရှင်းပေးပါခင်ဗျာ"ဟု အကူအညီ တောင်းလေသည်။ ထိုအခါ ပညာရှိဆိုသူက ...

"သြော် ဒါလား၊ အလွယ်ကလေးပါကွာ။ သွားသွား ဓားတစ်ချောင်းယူခဲ့"ဟု အမိန့်ပေးလိုက် လေသည်။ လူငယ်တို့ပေးသောဓားဖြင့် ပညာရှိဆိုသူ သည် နွားငယ်၏ခေါင်းကို ဖြတ်လိုက်လေသည်။ ထို့နောက် "ကဲ မင်းတို့ ပြဿနာရှင်းပြီးပြီ၊ ဒါပဲ မဟုတ်လား" ဟူ၍ ပြောလျက် အိမ်သို့ပြန်သွားလေ တော့သည်။ အတန်ကြာသော် လူငယ်များ ပညာရှိဆိုသူ ထံ လိုက်လာကြပြန်လျက် ...

"ဦး၊ ကျွန်တော်တို့ကို ကူညီပါဦး။ ကျွန်တော်တို့ အခက်အခဲတွေ့နေပြန်ပြီခင်ဗျ"ဟု ဆိုကြ၏။ ပညာရှိကြီးလည်း လူငယ်များနောက်သို့ ခေါင်းပေါင်းပေါင်းရင်း ထ,လိုက်သွားပြန်သည်။ နှုတ်မှလည်း "မင်းတို့ ပြဿနာတကယ်ရှုပ်သကိုးကွ"ဟု ဆိုလိုက်သေး၏။ တဲရှေ့သို့ရောက်ပြန်သောအခါ လူငယ်များက အိုးထဲသို့ လက်ညှိုးထိုးပြကာ "ဦး ခင်ဗျား၊ နွားလေးရဲ့ ခေါင်းကအိုးထဲရောက်နေတယ်။ ဆွဲထုတ်လို့ မရပြန်ဘူးခင်ဗျာ"ဟု ဆိုလျက် အကြံတောင်းကြလေသည်။ ပညာရှိကြီးက အိုးအတွင်းသို့ ခေါင်းငုံ့ကြည့်လိုက်ပြီး...

"အင်း... အိုးထဲက တယ်မှောင်ပါလား။ မောင်တို့ ပြဿနာက ဒီလိုလား၊ လွယ်ပါတယ်ကွာ။ သွား သွား တုတ်တစ်ချောင်းယူခဲ့လကွာ"ဟု အမိန့်ပေးလိုက်လေသည်။ လူငယ်များက တုတ်တစ်ချောင်းကို ယူလာပေးလိုက်သည်။ ပညာရှိကြီးသည် တုတ်ကို

မြှောက်၍ တအားလွှဲကာ အိုးကိုရိုက်လိုက်သည်။ အိုးကွဲ၍ နွားခေါင်းထွက်ကျသွားတော့သည်။ ပညာရှိကြီးသည် တုတ်ကို မြေသို့ပစ်ချလျက် လူငယ်များဘက်သို့ တစ်ချက်လှည့်ကြည့်လိုက်ကာ"ကဲ... မောင်တို့ ပြဿနာရှင်းရော မဟုတ်လား"ဟု ဆိုလျက် ထွက်သွားလေတော့သည်။

*(မွန်ပုံပြင်)*

❑ ❑ ❑

## ပညာရှိသောမိန်းမ

ယောကျ်ားသုံးယောက်သည် တောစပ်တွင် လယ်ထွန်နေကြသည်။ လူတစ်စုသည် သူခိုးတို့ကို ဖမ်းဆီးရန် ရှာဖွေနေကြစဉ် လယ်ထွန်ယောကျ်ားသုံးဦးကို မြင်သည်။ ထိုသူသုံးဦးပင် သူခိုးဖြစ်လိမ့်မည်အထင်နှင့် ဖမ်းဆီးလျက် မင်းအား အပ်ကြလေ၏။

ထိုအခါ မိန်းမတစ်ယောက်သည် "ငါ့ကို အဝတ်ပေးပါ၊ ငါ့ကို အဝတ်ပေးပါ"ဟု မင်းကြီး ကြားအောင် ဟစ်အော်လေသည်။ မင်းကြီးက ထိုမိန်းမအား ခေါ်ယူ၍ အဝတ်ကိုပေး၏။

"အသင်မင်းကြီး၊ ကျွန်ုပ်တောင်းသည်ကား အဝတ်ရိုးရိုး မဟုတ်ပါ။ "လင်" တည်းဟူသော အဝတ်ကိုသာ တောင်းပါသည်။ အဖိုးတစ်သိန်းတန်သော အဝတ်ကိုဆင်မြန်းထားသော်လည်း လင်မရှိက မတင့်တယ်ပါ။ လင်ယောကျ်ားမရှိသောမိန်းမကို လူမရှိသေပါ"ဟု ထိုမိန်းမက လျှောက်၏။ မင်းကြီးသည် ထိုမိန်းမ၏ စကားကို သဘောကျ၏။

**မင်းကြီး။** "ဤသုံးယောက်သည် သင်နှင့် မည်သို့တော်စပ်သနည်း။

**ထိုမိန်းမ။** "အရှင်မင်းကြီး၊ တစ်ယောက်က လင် တစ်ယောက်က သား၊ တစ်ယောက်က မောင်ဖြစ်ပါသည်"

**မင်းကြီး။** "ကောင်းပြီ။ ဤသုံးယောက်မှ သင် အလိုရှိသူတစ်ဦးကို သင့်အားပေးမည်။ တောင်းပေတော့။"

**ထိုမိန်းမ။** "အရှင်မင်းကြီး။ လင်ကို မည်သည့် အရပ်မှာမဆို ရလွယ်ပါ၏။ သားကို လည်း ရလွယ်ပါ၏။ မောင်ကိုကား ယခုအခါ အမိဖတို့ သေဆုံးလေပြီဖြစ်ရ ကား မရနိုင်တော့ပါ။ ထို့ကြောင့် မောင်ကိုသာ ပေးပါတော့"ဟု

မင်းကြီးထံ တောင်းဆိုလေသည်။

ထိုမိန်းမ၏စကားကို မင်းကြီးနှစ်သက်ရကား သုံးယောက်စလုံးကို လွှတ်ပေးလိုက်လေသတည်း။

❑ ❑ ❑

## နှုတ်ချို၊ သျှိုတစ်ပါး

ရှေးသရောအခါ ဗာရာဏသီပြည်တွင် ဗြဟ္မဒတ်မင်း မင်းပြုစဉ်၊ ဘုရားအလောင်းသည် သူဌေးသားတစ်ဦးဖြစ်လေသည်။ တစ်နေ့သောအခါ ဘုရားအလောင်း အခြားသော သူဌေးသား သုံးဦးနှင့်အတူ ခရီးလှည့်လည်

သည်။ ထိုစဉ် လမ်းခရီးတွင် အမဲဟင်း လျာများကို လှည်းဖြင့် အပြည့်တင် ဆောင်လာသော မုဆိုးတစ်ဦးကို တွေ့ ကြသည်။

ထိုအခါ သူဌေးသား တစ်ဦးက "ဟယ် မုဆိုး၊ ငါ့အား အမဲလျာပေး လော"ဟု တောင်း၏။ ထိုစကားကို ကြားလျှင် ချိုသာစွာ ပြောဆို တောင်း သင့်သည်။ ယခုမူ ကြမ်းတမ်းရုန့်ရင်း လှသောစကားဖြင့် ပြောဆိုတောင်းခံ၏။ သူ့စကားနှင့်အညီ ပေးအံ့"ဟု ကြမ်း သော အမြွေးတို့ကို ပေးလေ၏။

ထို့နောက် အခြား သူဌေးသား တစ်ဦးက "အစ်ကိုကြီး၊ ကျွန်ုပ်ကို လည်း အမဲလျာပေးလော"ဟု တောင်း ဆိုပြန်၏။ ထိုအခါ မုဆိုးက "ထိုသူ သည် အစ်ကိုဟု ကိုယ်ကိုစွဲ၍ ဆိုသဖြင့် အနည်းငယ် သင့်လျော်သေး၏"ဟု ကြံလျက် ထိုစကားနှင့်အညီ အမဲကိုယ် သားကို ပေးလိုက်၏။

တစ်ဖန် တတိယ သူဌေးသားက "အဖမုဆိုး၊ ကျွန်ုပ်ကား အမဲလျာပေးပါလော"ဟု တောင်းခံပြန်၏။ ထိုအခါ မုဆိုးကြီးက "ဤသူငယ်သည် အဖဟုဆိုသဖြင့် ငါ၏နှလုံးသားကို တုန်လှုပ်စေ၏။ ယင်းစကားနှင့်အညီ အမဲဟင်းလျာပေးအံ့"ဟု ဆုံးဖြတ်လျက် အမဲနှလုံးသားကို ပေးလိုက်၏။

နောက်ဆုံး ဘုရားလောင်းသူဌေးသားကမူ "အဆွေခင်ပွန်းမုဆိုး၊ ကျွန်ုပ်အား အမဲလျာ အနည်းငယ် ပေးစွန့်ပါလော့"ဟု တောင်းခံ၏။

ထိုအခါ မုဆိုးက ဤလုလင်ပျိုကား "အဆွေခင်ပွန်းဟု ဆိုလာသဖြင့် ငါ၏တစ်ကိုယ်လုံးကို သိမ်းကျုံးလှုပ်ရှားစေ၏။ ထိုစကားနှင့် ထိုက်တန်သင့်မြတ်စွာပေးရတော့အံ့ဟု ကြံလျက် အလုံးစုံသော အမဲလျာကို ပေးကမ်းလိုက်လေသတည်း။

ဤပုံပြင်ကို ပညာရှင်တို့ထောက်၍

“နှုတ်ချို သျှိုတစ်ပါး“ဟု ဆိုရိုးစကားပြုကြသည်။ ယဉ်ကျေးသိမ်မွေ့စွာ ချိုသာသောစကားတို့ကို ပြောဆိုတတ်သူသည် ကောင်းကျိုးမင်္ဂလာအပေါင်းနှင့် ပြည့်စုံတတ်ပေသည်ဟု အဓိပ္ပာယ်ဆိုလိုပေသည်။

❑ ❑ ❑

## ဆရာ ကာပြန် အာခေါင်လုံစူး

ရှေးအခါက ယောက်ျားတစ်ယောက်သည် မြစ်အနီးရှိ ကတွတ်ပေါက်၌ ငါးကို မြှောက်ကစားနေသော ဖျိုင်းကို မြင်တွေ့လေသည်။ သူသည် ဖျိုင်းကို အတုယူပြီး သစ်သားချွန်များကို ကောင်းကင်သို့ပစ်မြှောက်လျက် မြေသို့မကျမီ ပါးစပ်ဟ ခံယူနိုင်အောင် လေ့ကျင့်လေသည်။ ထိုနောက် အုတ်ခဲ၊ လုံတံ၊ သန်လျက် စသည်တို့ကိုလည်း ပစ်မြှောက်ပြီး မြေသို့မကျမီ ပါးစပ်ဖြင့် ကိုက်နိုင်အောင် လေ့ကျင့်ပြန်ရာ အလွန်ကျွမ်းကျင်တတ်မြောက်သူတစ်ဦး ဖြစ်လာလေသည်။ ထိုယောက်ျားလုလင်သည် တစ်ရွာဝင်တစ်ရွာထွက် အရပ်တကာသို့ လှည့်လည်လျက် မိမိ၏ကျွမ်းကျင်မှုအတတ်ကို ပြသလေ၏။ လူအများကလည်း သဘောကျ ချီကျူးလျက် ဆုလာဘ်များစွာ ပေးလေသည်။

ထိုယောကျ်ားလုလင်၏ ထူးခြားသော သတင်းကို ပြည့်ရှင်မင်းကြီး ကြားသိသော် မင်းပွဲသဘင်မင်းရင်ပြင်သို့ ဝင်ရောက်ပြသစေသည်။ ယောကျ်ားလုလင်လည်း မိမိတတ်ကျွမ်းသော ပညာကို ပြသလေသည်။ အံ့မခန်းပညာစွမ်းကို ပြည့်ရှင်မင်းကြီးမြင်သော် ယောကျ်ားလုလင်အား "အသင်၏ ဆရာသည် မည်သူဖြစ်သနည်း"ဟု မေးမြန်းစုံစမ်းတော်မူလေသည်။ ထိုအခါ ယောကျ်ားလုလင်သည် "မိမိပညာကို ဗျိုင်းဆရာထံမှ ရပါသည်"ဟု ပြန်၍ ဖြေရန်ရှက်သဖြင့် "ကျွန်ုပ်မှာ ဆရာမရှိပါ။ ထိုပညာကို မိမိဘာသာလေ့ကျင့်တတ်ကျွမ်းပါသည်"ဟု ဖြေကြားလေသည်။ ထိုသို့ဖြေကြားပြီး တစ်ဖန်လုံကစားပြန်လေ၏။ လုံသွားသည် ယောကျ်ားလုလင်၏ အာခေါင်၌ စူးဝင်ကာသေဆုံးရလေသည်။ ဆရာ၏ ကျေးဇူးကို ထုတ်ဖော်ပြောဆိုဝန်ခံရန် ထိမ်ချန်ခဲ့မိသဖြင့် သေပွဲဝင်ခဲ့ရလေသည်။

ဤပုဏ္ဏောဝါဒဆုံးမစာ အဖြစ်အပျက်ကိုထောက်ရှုလျက် ရှေးလူကြီးသူမတို့သည် ဆရာကာပြန် အာခေါင်လုံစူးဟူသော စကားပုံဆိုရိုးစကားကို သတိပေးပြောကြားလေ့ရှိလေသည်။

❑ ❑ ❑

## သမင်မွေးရင်း ကျားစားရင်း

တစ်ရံရောအခါ သူကြွယ်၏သားတစ်ယောက်သည် ဖခင်ကွယ်လွန်ပြီးနောက် မိခင်ဖြစ်သူနှင့် နေလေသည်။ အရွယ်ရောက်သော် မိခင်ဖြစ်သူက မိန်းမရှာ၍ ပေးစား၏။ ပေးစားသောမိန်းမမှာ အမြုံဖြစ်၍ သားသမီးမရ။ နောက်တစ်ယောက်နှင့် ပေးစားရန် မိခင်က ကြံလေသည်။

ထိုအကြံကို သိ၍ မိန်းမဖြစ်သူက သူတို့ သဘောကျသူနှင့် ပေးစားပါက ငါ့ကို ကျွန်နေရာတွင် ထားလိမ့်မည်။ ငါကိုယ်တိုင် စိတ်တိုင်းကျ မိန်းမကို ရှာပေးစားမည်ကြံ၍ ကိုယ်တိုင် မိန်းမတစ်ဦးရှာပြီး လင်ဖြစ်သူနှင့် ပေးစားခဲ့သည်။ ထိုအမျိုးသမီး ကိုယ်ဝန်ရသောအခါ မယားကြီးသည် နှစ်ကြိမ်တိုင်တိုင် ကိုယ်ဝန်ပျက်ဆေးတိုက်ကျွေးပြီး ဖျက်ချခဲ့သည်။ သုံးကြိမ်မြောက်တွင် မိခင်ပါ ပြင်းထန်စွာ ဝေဒနာရ၍ သေဆုံးရရှာသည်။ သေခါနီးတွင် "ယခုအခါ ငါပျက်စီးရတော့အံ့။ ငါသေလွန်သော် သင်၏သားသမီးတို့ကို ဖျက်ဆီးနိုင်သည် ဖြစ်ရပါလို၏"ဟု ဆုတောင်း၍ သေလွန်လျှင် ထိုအိမ်၌ပင် ကြောင်မဖြစ်၏။

မယားကြီးကို ယောကျာ်းရိုက်နှက်ပြန်ရာ ထိုဒဏ်ကြောင့် သေလွန်၍ ထိုအိမ်၌ပင် ကြက်မဖြစ်လေသည်။ ကြက်မက ဥတိုင်းဥတိုင်း ကြောင်မက စားပစ်ခဲ့ရာ သုံးကြိမ်မြောက်တွင် "ဤဘဝမှ သေခဲ့သော် သားသမီးနှင့်တကွ ထိုကြောင်မကို စားနိုင်စွမ်းရှိသော

သူဖြစ်ရပါလို၏”ဟု ဆုတောင်း၍ ကြက်မသေလွန်သည်။ ကြက်မသည် ကျားသစ်မဖြစ်၍ ကြောင်မသည် သမင်မ ဖြစ်ပြန်သည်။ သမင်မက မွေးလိုက်သော သမင်ငယ်များကို ကျားသစ်မက စားပစ်ခဲ့ရာ သုံးကြိမ်မြောက်တွင် ဤဘဝမှာ သေခဲ့သော် ထိုကျားသစ်မကို သားနှင့်တကွ စားရပါလို၏”ဟု သမင်မသည် ဆုတောင်းလျက် သေလေသည်။

သမင်မသည် ကာဠီမည်သော ဘီလူးမဖြစ်ပြန်၍ ကျားသစ်မသည် သာဝတ္ထိပြည်တွင် လူအမျိုးသမီးဖြစ်လာ၏။ ဘီလူးမသည် အမျိုးသမီးအိမ်ထောင်ကျ၍ သားဖွားသောအခါ နှစ်ကြိမ်တိုင် ကလေးငယ်တို့ကို ကိုက်စား၏။ သုံးကြိမ်မြောက်တွင် မွေးဖွားသော သားငယ်ကိုစားရန် ကာဠီဘီလူးမလိုက်စဉ် ဘုရားရှင်နှင့် တွေ့၍ “အဘယ်ကြောင့် ခိုက်ရန်ကို ရန်တုံ့မူခြင်းပြုကြသနည်း။ ခိုက်ရန်မည်သည်ကား ရန်တုံ့မမူသဖြင့်သာလျှင် ငြိမ်းပျောက်ကုန်သည်။ ရန်တုံ့မူဖြစ်သဖြင့် ခိုက်ရန်ခပ်သိမ်းတို့သည် မငြိမ်းမပျောက်နိုင်”

ဟု ရန်ပြေငြိမ်းကြောင်းတရားကို ဟောကြားတော်မူသည်။ ဤတွင် ရန်မီးများငြိမ်း၍ ချစ်ခင်ခြင်းသို့ ရောက်သွားကြလေသည်။

ရှေးသူဟောင်းတို့သည် ထိုဓမ္မပဒဇာတ်လမ်းကို မှီငြမ်းပြု၍ "သမင်မွေးရင်း ကျားစားရင်း"ဟူသော စကားပုံ ဆိုရိုးစကားပြုခဲ့ကြလေသည်။

❑ ❑ ❑

## သူ့ကိုငါဖျက် ငါလျှင် ပျက်၏

ရှေးအခါက တိုင်းပြည်တစ်ပြည်တွင် သူတော်စင်လုလင်တစ်ဦးရှိလေသည်။ ထိုသူတော်စင် လုလင်သည် ပြည်တွင်းသို့ နေ့စဉ်လှည့်လည်ကာ "သူ့ကို ငါဖျက် ငါလျှင်ပျက်၏"ဟူ၍ နှုတ်မှ ပြောဆိုရေရွတ် မြည်တမ်းလေ့ရှိ၏။

တစ်နေ့တွင် ပြည့်ရှင်မင်းကြီးသည် ထိုသူတော်စင်လုလင်၏ ပြောဆိုရေရွတ်မြည်တမ်းသံကို ကြားရဖန်များ၍ နားကြားပြင်းကပ်လာသည်။ ထို့ကြောင့် အဆိပ်ခတ်ထားသော မုန့်ကို ပေးလိုက်၏။

သူတော်စဉ်လုလင်သည် ပြည့်ရှင်မင်းကြီးက မိမိအား သနားချစ်ခင်၍ မုန့်ပေးသည်။ ထိုအစာကို မစားသင့်ဟူ၍တွေးလျက် မင်းဆရာအား စေတနာဖြင့် ဆက်ကပ်လှူဒါန်းလေသည်။

မကြာမြင့်မီ ပြည့်ရှင်မင်းကြီး၏ သားတော်သည် ဥယျာဉ်ကစားရာမှ အပြန်လမ်းတွင် မင်းဆရာထံ ဖူးမြော်ရန် ဝင်ရောက်၏။ မင်းဆရာလည်း သူတော်စဉ်လုလင်ပေးခဲ့သော မုန့်ကို ပြည့်ရှင်မင်းကြီး၏သားတော်အား စေတနာဖြင့် စွန့်ကြဲပေးကမ်းလိုက်သည်။

သားတော်လည်း ဆာလောင်မွတ်သိပ်သဖြင့် ဆရာတော်ပေးကမ်းစွန့်ကြဲသော မုန့်ကို စားသုံးလေသည်။ မကြာမီပင် အဆိပ်သင့်၍ သားတော်သည် လူးလွန့်ကာ ကွယ်လွန်သွားရှာလေသည်။

ခမည်းတော်မင်းကြီးလည်း သားတော်၏ဖြစ်အင်ကိုသိရှိတွေ့မြင်ရလေသော် မိမိအမှားကို နောင်တရ၍ စိတ်မကောင်းဖြစ်မိ၏။ သူတော်စဉ်လုလင်ပြောလေ့ရှိသော "သူ့ကို ငါဖျက် ငါလျှင်ပျက်၏"ဟူသော မိန့်ဆိုချက်စကားသည် မှန်လှပေသည်ဟူ၍ မြည်တမ်းရှာလေသည်။

ဤပုံပြင်ကို ထောက်ရှု၍ ပညာရှိများက "သူ့ကိုငါဖျက် ငါလျှင်ပျက်၏"ဟူသော ဆိုရိုးစကားကို မိန့်ကြားသတိပေးတတ်ကြလေသည်။

❑ ❑ ❑

## တစ်လုတ်စားဖူး သူ့ကျေးဇူး

တစ်ခါသော် ငါးစီးရှင်ကျော်စွာသည် ညီတော်ဖြစ်သူ စစ်ကိုင်းမင်း အသခ်ယာစောယွမ်းကို လုပ်ကြံရန် ငခင်ညိုဟူသော ကျွန်ကို စေတော်မူလေသည်။ ငခင်ညိုသည် စစ်ကိုင်းသို့ကူး၍ အခြေအနေကိုကြည့်သော် လုပ်ကြံရန်မလွယ်သောကြောင့် တောထဲတွင် သုံးရက်တိုင်တိုင် ပုန်းအောင်းနေရလေသည်။

ငခင်ညိုသည် အခွင့်အခါသင့်၍ လုပ်ကြံမည်ဟု နန်းတော်သို့တက်လေရာ နန်းတော်တွင် နတ်တင်ထားသော ထမင်းကိုတွေ့လေသည်။ တောထဲတွင် သုံးရက်တိုင်တိုင် ပုန်းအောင်းစဉ်က ထမင်းမစားခဲ့ရသော ငခင်ညိုသည် ဆာလောင်လှသည်ဖြစ်၍ နတ်တင်ထားသော ထမင်းကို အားရစွာစားပြီးမှ နန်းတော်

တွင်းသို့ဝင်၍ အသင်္ချိုင်းယာစောယွမ်းကို လုပ်ကြံရန် စောယွမ်း၏ ခေါင်းရင်းတွင် ရပ်လေသည်။ ထိုစဉ် ငခင်ညိုသည် "ဤအသင်္ချိုင်းယာစောယွမ်းကား ငါ၏ ထမင်းရှင်ဖြစ်၍ ပြစ်မှားမိချေက သံသရာအပြစ် အလွန်ကြီးမည်"ဟု တွေးမိလေသည်။ ထို့ကြောင့် ကျေးဇူးရှင်ဖြစ်သော အသင်္ချိုင်းယာစောယွမ်းကို မလုပ်ကြံဖြစ်တော့ပေ။ သို့ရာတွင် အသင်္ချိုင်းယာစောယွမ်းထံ ရောက်ရှိခဲ့ကြောင်း သက်သေပြနိုင်ရန် အရှင်သခင်ကျော်စွာက အသင်္ချိုင်းယာစောယွမ်းအား ပေးထားသော ပတ္တမြားကျောက်စီဓားကိုယူ၍ ပြန်လာခဲ့လေသည်။

ငါးစီးရှင်လည်း ငခင်ညို၏ အစီရင်ခံတင်လျှောက်ထားချက်ကို အားရကျေနပ်တော်မူသဖြင့် အမျက်ဒေါသ မထွက်ရုံမျှမက "ထမင်းတစ်စလောင်းရှင်ကိုပင် ဤမျှ ကျေးဇူးသိတတ်သော ငခင်ညိုသည် ငါ့အပေါ်တွင် ကျေးဇူးအထူးသိမည်မှာ ဆိုဖွယ်ရာမရှိ" ဟု တွေးတောကာ အလွန်ချီးမွမ်းလျက် ဆုလာဘ်များစွာပေးသနားတော်မူလေသည်။

ဤသမိုင်းစဉ်လာ အဖြစ်အပျက်ကို ထောက်ရှုလျက် ရှေးလူကြီးသူမတို့သည် "တစ်လုတ်စားဖူး သူ့ကျေးဇူး"ဟူသော ဆိုရိုးစကားပုံပြုကြလေသည်။

❑ ❑ ❑

## သူတော်ကောင်း နတ်ကောင်းမ

ရှေးအခါ ဗာရာဏသီပြည်တွင် ဗြဟ္မဒတ်မင်းကြီး အုပ်စိုးလေသည်။ ဘုရားအလောင်းသည် သူကြွယ်မျိုး၌ဖြစ်၍ ကုန်သွယ်ခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုလေသည်။

တစ်နေ့သောအခါ ဘုရားအလောင်းသည် ညီဖြစ်သူနှင့် စပ်တူပြု၍ ကုန်ကူးသန်းရောင်းဝယ်ရာ အသပြာငွေတစ်ထောင် ရလေသည်။ ညီအစ်ကိုနှစ်ဦးသည် လမ်းခရီးတွင် မြစ်ဆိပ်တစ်ခုကိုတွေ့၍ လှေကိုကပ်ပြီး ထမင်းစားကြသည်။ ဘုရားလောင်းသည် စားကြွင်းစားကျန်တို့ကို ငါးတို့အားစွန့်ကြဲကျွေးမွေး၍ ကုသိုလ်အဖို့ကို မြစ်စောင့်နတ်တို့အား အမျှပေးဝေလေသည်။

ဘုရားလောင်းသည် သဲသောင်ပြင်၌ ခေတ္တအိပ်ပျော်သွားစဉ် ညီဖြစ်သူသည် ငွေထုပ်ကို တစ်ဦးတည်းရလိုသဖြင့် ကျောက်စရစ်ခဲထုပ်ပြု၍ ငွေထုပ်အနီးတွင် ချထားလိုက်၏။ ဘုရားအလောင်းအိပ်ရာမှနိုး၍ ခရီးဆက်ကြရာ ညီဖြစ်သူက လမ်းတွင် ကျောက်စရစ်ထုပ်ကို ရေသို့ချ၍ "ငွေထုပ်ရေထဲကျသွားပြီး၊ မည်သို့ပြုလုပ်ရမည်နည်း" ဟု ပြောလေသည်။

အစ်ကိုဖြစ်သူက "မစိုးရိမ်လင့် ငါ့ညီ" ဟု နှစ်သိမ့်လေသည်။ ညီဖြစ်သူသည် အိမ်သို့ရောက်သောအခါ ငွေထုပ်ကို ဝမ်းသာအားရဖြည့်ကြည့်လိုက်ရာ ကျောက်စရစ်ခဲတို့ကိုသာ တွေ့ရသဖြင့် အထုပ်ချင်းလွဲမှားချခဲ့မိကြောင်း သိရလေတော့သည်။

ဘုရားလောင်း၏ ကျေးဇူးကို တုံ့ပြန်လိုသော မြစ်စောင့်နတ်က ငွေထုပ်ကို စောင့်ရှောက်၍ ငါးကြီး တစ်ကောင်အား မျိုစေကာ တံငါတို့အား ဖမ်းမိစေ၏။ ငါးကြီးမှာ ကြီးလှသဖြင့် တံငါသည်တို့ ရောင်းလိုသော ဈေးကို မည်သူမျှ ပေး၍မဝယ်ကြ။

နောက်ဆုံးတွင် တံငါသည်တို့သည် စိတ်ပျက် ၍ လျှော့ဈေးဖြင့်ရောင်းရာ ဘုရားလောင်းသူကြွယ်၏ ဇနီးက ဝယ်ယူလိုက်လေသည်။ ဇနီးသည်က ငါးကြီး၏ ဝမ်းကိုခွဲရာ ငွေထုပ်ကို တွေ့ရလေသည်။ ဇနီးက ငွေ ထုပ်ကို ဘုရားလောင်းအားပေးလေသည်။ ဘုရား လောင်းသည် အကျိုးအကြောင်းကို ဆင်ခြင်မိလေ သည်။

ထိုခဏတွင် မြစ်စောင့်နတ်က ကိုယ်ထင်ပြ၍ ဘုရားလောင်း၏ ကျေးဇူးကို တုံ့ပြန်လို၍ ယခုကဲ့သို့ ငွေထုပ်ပြန်ရအောင် ဆောင်ကျဉ်းပေးခြင်းဖြစ်ကြောင်း ညီဖြစ်သူမှာ မရိုးဖြောင့်၊ အကောက်ကြံစည်ကြောင်း” ပြောပြ၍ ကွယ်လေသည်။ စိတ်ကောင်းစိတ်မြတ် ရှိသော ဘုရားလောင်းသည် ကတိအတိုင်း ညီဖြစ်သူ အား ငွေကိုတစ်ဝက်ခွဲ၍ ပေးလိုက်လေသည်။

ဤမစ္ဆုဒါနဇာတ်ကို ကိုးကားပြ၍ ရှေးလူကြီးသူမတို့သည် စကားဆိုကြရာတွင် "သူတော်ကောင်းနတ်ကောင်းမသည်" ဟူ၍ စကားပုံဆိုရိုးပြုကြလေသည်။

❑ ❑ ❑

## မြွေမသေ တုတ်မကျိုး ရေမနောက်ကြာမလျှောက်

ရှေးအခါက မြွေတစ်ကောင်သည် ကြာများပေါက်နေသော ရေကန်တစ်ကန်တွင် ဥများနှင့် အသိုက်ဖွဲ့နေလေသည်။ ထိုရေကန်အနီးတွင် လယ်သမားတစ်ဦးသည် လယ်ထွန်လျက်ရှိ၏။ တစ်နေ့တွင် ရေကန်အနီးတွင် တောမီးလောင်လေသည်။ လယ်ထွန်ယောကျ်ားသည် မြွေမရှိခိုက် အသိုက်နှင့်တကွ မြွေဥများကို တောမီးလွတ်ရာ ကန်တစ်ဖက်သို့ ပြောင်းရွှေ့ထားလိုက်လေသည်။

မြွေပြန်လာသောအခါ သူ၏အသိုက်နှင့်ဥများကို ကန်တစ်ဖက်တွင် ပြောင်းရွှေ့ထားသည်ကို တွေ့ရ၍ လယ်ထွန်ယောကျ်ားသည် ငါ့အား ရန်စခြင်းဖြစ်သည်ဟု ထင်မှတ်လေသည်။ ထို့ကြောင့် လယ်ထွန်ယောကျ်ားအား မြွေသည် ပေါက်သတ်မည်ပြုလေသည်။

ထိုအခါ လယ်ထွန်ယောကျ်ားက "ငါသည် သင်၏ဥနှင့်အသိုက်ကို တောမီးလွတ်ရာသို့စေတနာဖြင့် ပြောင်းရွှေ့ထားခြင်း ဖြစ်သည်။ ကျေးဇူးရှင် ငါ့အား မသတ်သင့်"ဟု ဆိုလေသည်။

မြွေကမူ "အသင်သည် ကျေးဇူးရှင်ဖြစ် မဖြစ် အဆုံးအဖြတ်ပေးဖို့ သင့်နွားကိုပင် တရားစီရင်ဆုံးဖြတ်ရန် ပြောပေတော့"ဟု ဆိုလေသည်။

လယ်ထွန်ယောကျ်ားလည်း နွားအား တရားစီရင်ဆုံးဖြတ်ပေးရန် ပြောလေသည်။ နွားကလူတို့သည် ကျေးဇူးမသိတတ်၊ သူတို့အတွက် ငါတို့ နွားများက ကြိုးပမ်းအားစိုက်ပေးသော်လည်း ငါတို့ကိုသတ်၊ ငါတို့အသားကို စားတတ်ကြပေသည်။ ထို့ကြောင့် ကျေးဇူးမသိတတ်သော ဤလယ်သမားကို အသင်မြွေ ပေါက်သတ်လိုက်ပါ"ဟု စီရင်ချက်ချလိုက်သည်။

လယ်သမားသည် မြွေအား ၇ ရက်ခန့်ဆိုင်းငံ့ပါရန် တောင်းပန်လျက် အိမ်သို့ပြန်ခဲ့သည်။ မယား

ဖြစ်သူအား အကျိုးအကြောင်း ပြောပြ၍။ မယားဖြစ်သူက စိတ်သောက မရောက်ပါနှင့်။ လယ်ကိုသာ ထွန်မြဲထွန်ပါ''ဟု တိုက်တွန်းနှစ်သိမ့်လျက် မြွေရှိရာ ရေကန်သို့သွားလေသည်။

ရေကန်သို့ ရောက်သောအခါ လယ်သမား၏ မယားဖြစ်သူသည် ''ရေကန်မှ ရေကိုသောက်ပါရစေ'' ဟု မြွေထံ ခွင့်တောင်းလေသည်။

ထိုအခါ မြွေက ရေလည်းမနောက်၊ ကြာလည်းမလှုပ်အောင် သောက်နိုင်ပါက သောက်တော့''ဟု ဆိုလေသည်။ ထိုမိန်းမသည် ကျူရိုးကို အဆစ်များ ဖောက်ထွင်းလျက် ကန်တွင်းမှ ရေကိုစုပ်ယူသောက်လေသည်။ ထိုသို့သောက်သုံးပြီး ထိုမိန်းမသည် မြွေအား တုတ်ဖြင့် ရိုက်သတ်ရန် ပြုလေသည်။

ထိုအခါ မြွေက ''ဟယ် မိန်းမ၊ သင့်အား ရေငတ်လှသည်ဆို၍ သောက်ခွင့်ပေးသော ငါ့ကျေးဇူးကိုမှမထောက်၊ ငါ့အား သတ်ရန်ကြံစည်သလော''ဟု ဆိုလေသည်။

ထိုအခါကျမှ လယ်သမား၏ မယားက အသင်မြွေ၊ ငါ၏ ယောကျ်ားသည် တောမီးမှလွတ်ကင်းရာသို့ သင်၏ဥနှင့် အသိုက်ကို စေတနာဖြင့်ပြောင်း

ရွှေ့ထားခဲ့သည်ကို ကျေးဇူးမထောက်၊ ပေါက်သတ်ရန် သင်ကြံခဲ့သည် မဟုတ်လော”ဟု ဆိုလေသည်။

ထိုစကားကိုကြားလျှင် မြွေသည် သတိတရားရ၍ “အို– မိန်းမ၊ သင့်စကားသည် မှန်လှ၏။ လယ်ထွန်ယောကျ်ားသည် ငါ၏ဥနှင့် အသိုက်ကို ပြောင်းရွှေ့ထားသော်လည်း ဥကားမကွဲအက်၊ အသိုက်လည်း မပျက်ပါ။ ထို့ကြောင့် သင်၏ယောကျ်ားအား ငါ ရန်မမူတော့ပါ” ဟူ၍ ဆိုလေသည်။

သို့ဖြစ်၍ မိန်းမလည်း မြွေအားမရိုက်သတ်၊ ကျေနပ်မှုရသွားကြသဖြင့် မြွေလည်း မသေ၊ တုတ်လည်း မကျိုးဘဲ ရှိလေသည်။ ဤအဖြစ်အပျက်တို့ကို မှတည်လျက် ရှေးလူကြီးသူမများက “ဥမကွဲ၊ သိုက်မပျက်” “မြွေမသေ တုတ်မကျိုး” “ရေမနောက် ကြာမလျှောက်” ဟူသော စကားပုံကို ဆိုရိုးစကားတို့ကို ဆိုမိန့်တတ်ကြလေသတည်း။

❑ ❑ ❑

## အမေမှာ မှာတဲ့အတိုင်း

ရှေးအခါက ရွာတစ်ရွာတွင် စဉ်းစားဉာဏ် မရှိသော လူငယ်တစ်ဦးရှိလေသည်။ တစ်နေ့တွင် မိခင်ဖြစ်သူက သားဖြစ်သူအား တောထဲသို့သွား၍ စားသောက်ဖွယ်ရာ ဟင်းသီးဟင်းရွက်နှင့် သားငှက် တို့ကိုရှာဖွေရန် စေခိုင်းလိုက်လေသည်။

မောင်ရွှေအသည် အမေမှာသည့်အတိုင်း စားသောက်ဖွယ်ရှာရန် တောထဲသို့ သွားလေသည်။ တောတွင်းတစ်နေရာတွင် မုဆိုးတစ်ဦး၏ ညွှတ်ကွင်း၌ မိနေသော ဖျိုင်းတစ်ကောင်ကိုတွေ့ရာ မောင်ရွှေအသည် ညွှတ်ကွင်းမှ ဖျိုင်းကို အမေ့ဆီပျံသွား၊ ဟင်းချက်ဖို့ပြောလိုက်”ဟု မှာကြားကာ လွှတ်လိုက်လေသည်။

အိမ်သို့ပြန်ရောက်သောအခါ ဟင်းလျာအတွက် ဖျိုင်းတစ်ကောင် အမေ့ထံလွှတ်လိုက်တာ ရောက်သလား”ဟု မေးလေ၏။ ဤတွင် မိခင်က “မိုက်ပါဘိ သားရယ်၊ အဖြူရောင် ဖျိုင်းကို သေအောင်သတ်ပြီး ယူခဲ့ရတယ်”ဟု ပြောဆိုလေသည်။

နောက်တစ်နေ့တွင် မောင်ရွှေအ တောထဲသွားပြန်ရာ မှိုဖြူများကိုတွေ့လေသည်။ မောင်ရွှေအသည် မှိုဖြူများကို တုတ်ဖြင့်ရိုက်လျက် ကြေမွနေသော မှိုများကို မိခင်ထံ ယူခဲ့လေသည်။

ကြေမွနေသော မှိုများကိုတွေ့ရသော မိခင်သည် မှိုအုံများကိုတွေ့လျှင် ယခုလိုတုတ်ဖြင့် မရိုက်ရ၊ အသာအယာနုတ်ယူရသည်ဟု ဆိုဆုံးမလေသည်။

တစ်ဖန်တောသို့သွားကာ မောင်ရွှေအသည် အစာရှာထွက်ပြန်ရာ ပျားအုံကိုတွေ့လေ၏။ မောင်ရွှေအ

သည် အမေမှာသည့်အတိုင်း ပျားအုံနားသို့ အသာ အယာတိုးကပ်ကာ ဖြည်းဖြည်းနုတ်ယူလေသည်တွင် ပျားများက ဝိုင်းအုံလျက် မောင်ရွှေအကို တုပ်ကြလေ သည်။ မောင်ရွှေအလည်း အမယ်လေးအော်၍ အမေ့ထံ ပြေးခဲ့လေသည်။

အကျိုးအကြောင်းသိရသော မိခင်က မိုက်ပါ ဘိ ငါ့သားရယ်၊ သစ်ပင်မှာ တွယ်ကပ်နေတဲ့ ပျားအုံကို မြင်လျှင် မီးရှို့ရတယ်ငါ့သားရဲ့ဟု မှာကြားလေသည်။

နောက်တစ်နေ့ တောထဲသို့သွားပြန်သော် မောင်ရွှေအသည် သစ်ပင်ရင်းတွင်ကပ်လျက် တရား အားထုတ်နေသော ရဟန်းတစ်ပါးကို တွေ့လေ၏။ မောင်ရွှေအသည် အမေမှာသည့်အတိုင်း သစ်ပင်တွင် ကပ်နေသည်ကိုတွေ့လျှင် မီးရှို့ရသည်ဆိုကာ မီးရှို့ မည် ကြံလေရာ လူတို့က ရိုက်လွှတ်လိုက်လေသည်။

မိခင်ဖြစ်သူက "မိုက်လိုက်ပါဘိ ငါ့သား၊ ဝါဝါ ဆင်မြင်းရဟန်းသူမြတ်ကိုမြင်လျှင် ရှိခိုးဦးတင် ကန် တော့ရတယ်"ဟု ဆုံးမလေသည်။

မောင်ရွှေအသည် တောသို့တစ်ဖန်သွားပြန်ရာ ကျားကြီးတစ်ကောင်ကို တွေ့ရလေသည်။ ထိုအခါ အမေမှာသည်ကို သတိရကာ ဝါဝါမြင်လျှင် ကန်တော့ ရမည်ထင်လျက် ကျားရှေ့ထိုင်ကာ ရှိခိုးဦးတင်ကန်တော့

လေသည်။ ကျားသည် မောင်ရွှေအ ကိုယ်ပေါ်သို့ ခုန်အုပ်ကာကိုက်သတ် စားသောက်လိုက်လေသတည်း။

ဤပုံပြင်ကို ထောက်ရှုလျက် ရှေးလူကြီးသူမ တို့က "အမေမှာ မှာတဲ့အတိုင်း" ဟူသော ဆိုရိုးစကား ပုံပြုလေသည်။

❑ ❑ ❑

## အကြောင်းတော် တောင်ပေရေစီး

ရှေးသရောအခါ ဖျိုင်းတစ်ကောင်သည် အိုင်တစ်အိုင်မှ အစာကိုချီယူ၍ တောင်ထိပ်၌ နားကာစားလေ့ရှိ၏။ ထိုသို့ နေ့စဉ်တောင်အောက်ရှိ ရေအိုင်သို့ ပျံဆင်း၍ သားငါးကိုရှာဖွေချီယူကာ တောင်ထိပ်တွင် စားရသည်ကို ငြီးငွေ့လျက် တစ်နေ့တွင် ဤသို့အကြံဖြစ်လေသည်။ “ငါသည် နက်ဖြန်တောင်အောက်သို့ မဆင်းရဘဲ ဤတောင်ထိပ်မှာနေလျက်ပင် ရေကိုသောက်ကာ ငါးကိုလွယ်လင့်တကူရသော်အလွန်ကောင်းပေအံ့”ဟု တောင့်တမိလေသည်။

ထိုအချိန်မှာပင် သိကြားမင်းသည် အသူရာတို့ကို အောင်မြင်၍ နတ်စည်းစိမ်ကိုခံစားလျက် "ငါ၏ အလိုဆန္ဒပြည့်ဝသကဲ့သို့ တစ်စုံတစ်ယောက်သောသူ၏ အလိုဆန္ဒပြည့်ဝစေအံ့"ဟု စိတ်အကြံဖြစ်ပြီး ဆင်ခြင်ကြည့်လိုက်ရာ တောင်ထိပ်က ဖျိုင်းတစ်ကောင်၏ တောင့်တချက်ကို သိရသည်။

နောက်တစ်နေ့တွင် သိကြားမင်းသည် ဖျိုင်း၏ အလိုဆန္ဒတောင့်တချက်ကို ပြည့်ဝစေရန် ဖန်ဆင်းရလေသည်။ တောင်နှင့် မနီးမဝေးမှာ မြစ်တစ်ခုကို ရေအလျှဉ်ဖြင့် ပြည့်အောင်ပြု၍ ဖျိုင်းရှိရာ တောင်ထိပ်ပေါ်သို့စီးစေ၏။ ထို့ကြောင့် ဖျိုင်းသည် တစ်နေ့တာအဖို့ တောင်အောက်ဆင်းရန် မလိုတော့ဘဲ တောင်ထိပ်သို့ စီးနေသော မြစ်၌ပင်နေလျက် ငါးများကို သက်သာစွာ ဖမ်းယူစားသုံး၍ ရေကိုသောက်ကာ ချမ်းသာစွာ နေရလေ၏။

ဤ (ခုဒ္ဒကနိကာယ်) ၃၈၀ အာသင်္ကဇာတ်ကို မှီငြမ်း၍ ရှေးလူကြီးသူမတို့သည် စကားဆိုရာတွင် "အကြောင်းတော်တောင်ပေါ်ရေစီး" ဟူ၍ဆိုရိုးစကားပြုကြလေသည်။

❑ ❑ ❑

## စူဋ္ဌလိပ်ရေထဲလွှတ်

ရှေးသရောအခါ ဗာရာဏသီပြည်တွင် ဗြဟ္မဒတ်မင်းကြီးအုပ်စိုးလေသည်။ မင်းကြီးတွင် သားတော်အိမ်ရှေ့မင်းသားလေးရှိသည်။ ထိုမင်းသားသည် မြို့တော်မှထွက်ခွာ၍ ယမုန်နာမြစ်အနီး တောင်ကြားတစ်ခုတွင် ရသေ့ပြုကာနေလေသည်။ ထိုသို့နေစဉ် တစ်နေ့တွင် နဂါးမတစ်ဦးနှင့် ချစ်ခင် စုံမက်မိသည်။ သို့ဖြင့် လူထွက်၍ ပေါင်းသင်းနေထိုင်ရာ သားတော်တစ်ပါးနှင့် သမီးတော်တစ်ပါး မွေးဖွားလေသည်။ နေပြည်တော်တွင် ခမည်းတော် ဗြဟ္မဒတ်မင်းကြီး နတ်ရွာစံလွန်သော် သားတော်သည် ထီးမွေနန်းမွေကို ဆက်ခံ၍ ဗာရာဏသီပြည်တွင် မင်းပြုလေသည်။

သားတော်နှင့် သမီးတော် ရေကစားရန် ပေါက္ခရဏီကန်ကြီးကို တူးစေသည်။ ကန်တူးပြီး၍ ရေသွင်းသောအခါ လိပ်ငယ်တစ်ကောင်သည် ရေစီးနှင့်ပါလာလေသည်။

သားတော်နှင့် သမီးတော်တို့ ရေကန်တွင်း

ကစားစဉ် လိပ်ငယ်ကိုမြင်၍ ကြောက်လန့်ကြသဖြင့် ခမည်းတော်မင်းကြီးက ထိုလိပ်ငယ်အား ဒဏ်ပေးစေသည်။

ထိုအခါ အမတ်အချို့က လိပ်ကိုဆုံထဲထည့်၍ ကျည်ပွေ့ဖြင့်ထောင်းရန် အကြံပေးသည်။ အမတ်အချို့က အသားကိုချက်စားရန် အကြံပြု၏။ အမတ်အချို့က ရှားမီးခဲတွင်ကင်ရန် အကြံပေးပြန်သည်။အချို့က မီးပြင်းတိုက်၍ ရှို့ရန်အကြံပြုလေသည်။ ထိုသို့ အကြံအမျိုးမျိုးပေးနေစဉ် ရေကို အလွန်ကြောက်တတ်သော အမတ်တစ်ဦးက လိပ်ငယ်ကို ယမုန်နာမြစ်ထဲသို့ ပစ်ချရန် အကြံပြုပြန်၏။

ဤတွင် လိပ်ငယ်က ရေထဲသို့ပစ်မချပါရန် ဟန်လုပ်၍ ငိုယိုတောင်းပန်၏။ ထိုသို့ တောင်းပန်သည်ကို မင်းကြီးနှင့်တကွ မှူးမတ်တို့သည် တကယ်ပင်ထင်မှတ်လျက် လိပ်ငယ်ကို ယမုန်နာမြစ်ထဲသို့ ပစ်ချလိုက်သည်။ လိပ်ငယ်လည်း ရေထဲသို့ ပျော်ရွှင်စွာ ငုပ်လျှိုးကွယ်ပျောက်သွားလေသည်။

ဤဇာတ်ကို ကိုးကားပြုလျက် ရှေးလူကြီးသူမတို့က "စူဠလိပ် ရေထဲလွှတ်"ဟူသော ဆိုရိုးစကားပြောကြားကြပေသည်။

❑ ❑ ❑

## ယာခင်းရှင်နှင့် မိုးစွေငှက်

တစ်ခါတုန်းက မိုးစွေငှက်မတစ်ကောင်ဟာ ပြောင်းခင်းထဲမှာ ဖွားခါစငှက်သားငယ်ကလေးများနဲ့ အတူ နေသတဲ့။ မိုးစွေငှက်မိခင်ဟာ ပြောင်းခင်းထဲက ပြောင်းများ ရင့်မှည့်လာမယ့်အချိန်ရောက်မှာ အလွန် စိုးရိမ်သတဲ့။ ပြောင်းတွေ ရိတ်သိမ်းချိန်ရောက်ရင် ယာခင်းရှင်ဟာ လာရောက်ရိတ်သိမ်းပါက မိမိတို့ငှက်မိသားစုနေထိုင်ရာ အိုးအိမ်ပျက်စီးမှာကို ကြိုတင်တွေးပူမိသတဲ့။ ဒါကြောင့် ငှက်မိခင်ဟာ သူ့သားငယ်ငှက်ကလေးတွေကို ယာရှင်နဲ့ လူတွေဘာပြောကြတယ်ဆိုတာ မှတ်သားဖို့ပြောပြီး အစာရှာထွက်လေ့ရှိသတဲ့။

ငှက်မိခင်သွားပြီး မကြာမီ ယာရှင်ဟာ သူ့သားနဲ့ပြောင်းခင်းထဲ ရောက်လာသတဲ့။ ပြောင်းတွေကို ကြည့်ပြီး ယာရှင်က ပြောသတဲ့ ...

"ငါ့သား ပြောင်းတွေရင့်မှည့်ကုန်ပြီ၊ ရိတ်သိမ်းချိန်တန်ပြီ။ နက်ဖြန်နံနက်စောစော ငါတို့သူငယ်ချင်းတွေနဲ့ အိမ်နီးချင်းတွေ ကူညီရိတ်သိမ်းဖို့ ခေါ်ထားပါလို့ ပြောဆိုသတဲ့။ သားကလည်း ကောင်းပါပြီ အဖေလို့ ပြန်ပြောသတဲ့။

ငှက်မိခင်ကြီး အစာရှာရာက ပြန်လာတော့ ငှက်သားလေးတွေက ထိတ်လန့်ပြီးအကြောင်းစုံ ပြောသတဲ့။ ဘေးကင်းရာပြောင်းရွှေ့ဖို့တောင်းပန်ကြသတဲ့။ ဒါပေမဲ့ ငှက်မိခင်ကြီးက "သားတို့ မပူကြပါနဲ့။ ယာရှင်ဟာ သူ့မိတ်ဆွေနဲ့ အိမ်နီးချင်းတွေထံက အကူအညီတောင်းတယ်ဆိုရင် နက်ဖြန်ပြောင်းရိတ်သိမ်းနိုင်မှာ မဟုတ်ပါဘူး။ စိတ်အေးအေးထားကြပါ သားတို့"လို့ နှစ်သိမ့်ပြောသတဲ့။

နောက်နေ့မိုးစွေငှက် မိခင်ကြီးဟာ ခါတိုင်းလိုပဲ သားတွေကိုမှာကြားပြီး အစာရှာထွက်ပြန်သတဲ့၊ ယာရှင်သားအဖလည်း မကြာခင်ရောက်လာပြီး၊ ကူညီမယ့်မိတ်ဆွေတွေ၊ အိမ်နီးချင်းတွေကို စောင့်နေသတဲ့၊

နေသာမြင့်ရော ဘယ်မိတ်ဆွေ၊ ဘယ်အိမ်နီးချင်းမှ ရောက်မလာဘူး။

ယာရှင်ကသားကို ပြောပြန်သတဲ့ ...

"ငါ့သား မိတ်ဆွေတွေ၊ အိမ်နီးချင်းတွေကို အားကိုးလို့ မရရင်နေပါစေ။ မင်းရဲ့ ဦးကြီး၊ ဦးလေးနဲ့ ဝမ်းကွဲအစ်ကိုတွေကို မနက်ဖြန်စောစော ပြောင်းရိတ်ဖို့ မှာထားပါလို့ ပြောပြီးပြန်သွားကြသတဲ့။

မိုးစွေငှက်မိခင်ကြီး ပြန်လာတော့ ငှက်သားကလေးတွေက အမေငှက်မကြီးကို သူတို့ကြားရတဲ့ အတိုင်း ပြန်ပြောဆိုကြသတဲ့။ အမေငှက်မက ...

"သားတို့ မစိုးရိမ်ကြနဲ့။ ဆွေမျိုးသားချင်းတွေဟာ အချင်းချင်း တစ်ဦးကိုတစ်ဦး လိုလိုချင်ချင် ကူညီဆောင်ရွက်ပေးရိုး မရှိဘူး။ နောက်ထပ်ကြားရမယ့်စကားကိုသာ နားထောင်ကြလို့ နှစ်သိမ့်ပြောသတဲ့။

နောက်တစ်နေ့မှာ ငှက်မိခင်ကြီး အစာရှာထွက်သွားတဲ့အခါ ယာရှင်သားအဖရောက်လာကြပြန်သတဲ့။ ယာရှင်ရဲ့ ဆွေမျိုးတွေလည်း ပြောင်းရိတ်သိမ်းဖို့ ရောက်မလာကြ။ အဲဒီအခါမှာ ယာရှင်ဟာ သူ့သားကို မှာသတဲ့ ...

"ငါ့သား ပြောင်းရိတ်ဖို့ တံစဉ်နှစ်ချောင်း

ကို နက်ဖြန်မနက်စောစော မိုးလင်းအမီ အဆင်သင့် ယူလာခဲ့။ တခြားသူတွေကို အားကိုးနေလို့ မဖြစ်ဘူး၊ တို့ဟာတို့ ကိုယ့်အားကိုယ်ကိုးပြီး ရိတ်မှဖြစ်တော့မယ်''

မိုးစွေငှက်မိခင်ကြီး ပြန်လာတဲ့အခါ ငှက်သား လေးတွေက ယာရှင်ပြောသမျှကို ပြန်ပြောကြသတဲ့။ ငှက်မိခင်လည်း "ငါတို့ နက်ဖြန်ပဲပြောင်းကြရမယ်" လို့ ပြန်ပြောလိုက်သတဲ့။

❑ ❑ ❑

## မချစ်သော်လည်း အောင့်ကာနမ်း

ရှေးလွန်လေပြီးသောအခါ ရာဇဂြိုဟ်ပြည်တွင် သူဌေးမောင်နှံရှိလေသည်။ သူဌေးမောင်နှံတွင် ချောမောလှပသော သမီးပျိုတစ်ဦးရှိ၏။

တစ်နေ့တွင် မင်းချင်းယောကျ်ားတို့သည် ခိုးသူတစ်ဦးကို ဖမ်းဆီးချုပ်နှောင်လျက် အကျဉ်းထောင်ရှိရာသို့ ခေါ်ဆောင်သွားသည်။ သူဌေးသမီးမြင်လေလျှင် ခိုးသူကို ချစ်ခင်စုံမက်မိလေသည်။

သူဌေးမောင်နှံသည် သမီးပျိုအား တားမြစ်သော်လည်းမရ၊ နောက်ဆုံးတွင် မင်းချင်းယောကျ်ားတို့အား တံစိုးလက်ဆောင်ပေးသည်။ ခိုးသူအား အကျဉ်းမှ လွတ်စေ၍ သမီးနှင့် ထိမ်းမြားပေးရလေသည်။

ခိုးသူကား ကျေးဇူးမသိ၊ သစ္စာမစောင့် မယားကိုသတ်၍ လက်ဝတ်ရတနာ၊ ရွှေ၊ ငွေတို့ကို ရယူရန်ကြံစည်လေသည်။ မယားအား တောင်စောင့်နတ်ကို ပသပူဇော်မည်ဟု လိမ်ညာဏ်ဆင်လျက် သွေးဆောင်

ခေါ်ခဲ့သည်။ တောင်ထိပ်သို့ရောက်သော် မယားထံမှ လက်ဝတ်ရတနာတို့ကို ချွတ်ယူလျက်သတ်မည်ပြုသည်။ ထိုအခါ မယားက …

"ငါသည် သင်၏အသက်သခင်ကျေးဇူးရှင် ဖြစ်ပါသည်။ ငါ့အား မသတ်ပါနှင့် လက်ဝတ်ရတနာ တို့ကိုယူ၍ အသက်ဘေးမှ ချမ်းသာပေးပါ"ဟု တောင်းပန်ရှာသည်။ သို့ရာတွင် ငမိုက်သားခိုးသူသည် တောင်းပန်သော်လည်း မရ၊ သတ်မည်ပြုပြန်သည်။ ဤတွင် သူဌေးသမီးသည် မာယာဖြင့် "အမောင်၊ ငါသည် သင့်ကို အလွန်ချစ်မြတ်နိုးပါသည်။ မသေမီ သင့်အား နောက်ဆုံးပွေ့ဖက်၍ နမ်းပါရစေ"ဟု ဆိုသည်။

ခိုးသူသည် သဘောတူလိုက်လေသည်။ ထိုအခါ သူဌေးသမီးသည် ခိုးသူအား ပွေ့ဖက်နမ်းမည့် ဟန်ပြုလျက် ရုတ်တရက် တောင်စောင်းမှ တွန်းချလိုက် လေသတည်း။

ဤပုံကို ဥပမာထောက်၍ နောင်သောအခါ "မချစ်သော်လည်း အောင့်ကာနမ်း"ဟူသော စကားပုံ ဆိုရိုးစကား ပေါ်ထွန်းလာခဲ့သည်။

❑ ❑ ❑

## မဘက်လိုက်တော့ မိုက်ဘက်ပါ

## ဥဒေါင်းမင်းပင် ညွတ်ကွင်းကျ

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်တွင် ဗြဟ္မဒတ်မင်းကြီး မင်းပြုစဉ် ဘုရားအလောင်းသည် ဥဒေါင်းအမျိုး၌ဖြစ်၍ ဒဏ္ဍကဟူသော ရွှေတောင်တွင် နေလေသည်။

ဘုရားအလောင်း ဥဒေါင်းမင်းသည် ရွှေရောင်အဆင်းရှိသော အမွေးအတောင်တို့ဖြင့် ရှုချင်စဖွယ်တင့်တယ်လှ၏။

ဘုရားအလောင်း ဥဒေါင်းမင်းသည် တောင်စောင်းတွင် ခိုလှုံလျက် အရဏ်ကျင်းသည့် နံနက်ခင်းတိုင်း နေမင်းအားလည်းကောင်း၊ ပွင့်လေးပြီးသော ရှေးရှေးဘုရားရှင်တို့အားလည်းကောင်း ရှိသေစွာ ဦးနှိမ်ချကာ “ဥဒေတယံဂါထာ”ဖြင့် ရှိခိုးပြီးမှ အစာရှာထွက်လေ့ရှိလေသည်။

တစ်နေ့သောအခါဗာရာဏသီမင်း၏ မိဖုရားသည် ရွှေဥဒေါင်းမင်း၏ တရားကို နာကြားရသည်ဟု အိပ်မက်၏။ မိဖုရားသည် မင်းကြီးအား ဒေါင်းမင်း၏ တရားကို နာကြားလိုပါသည်ဟု ပူဆာလေတော့သည်။ မင်းကြီးလည်း လမ်းသိသောမုဆိုးတစ်ဦးကို ဥဒေါင်းမင်းအား အရှင်ဖမ်းယူခဲ့ရန် စေလွှတ်လိုက်လေသည်။

မုဆိုးလည်း ဥဒေါင်းမင်းအား ကျော့ကွင်းထောင်၍ဖမ်းရန် ကြိုးပမ်းလေသည်။ သို့ရာတွင် ဘုရားအလောင်းဥဒေါင်းမင်း၏ ပရိတ်တော်တန်ခိုးကြောင့် ကျော့ကွင်းကို နင်းမိသော်လည်း ကျော့ကွင်းမလှုပ်၊ ဥဒေါင်းမင်းကို မဖမ်းမိနိုင်ဖြစ်လေသည်။

ဗာရာဏသီမင်းကြီး၏ မိဖုရားလည်း ဒေါင်းမင်း၏တရားကို မနာကြားရ၍ နတ်ရွာသို့လားလေသည်။ မင်းကြီးလည်း ဥဒေါင်းမင်းအပေါ် အငြိုးထားလျက် "ဒဏ္ဍက ရွှေတောင်၌ရှိသော ရွှေဥဒေါင်းမင်း၏ အသားကို စားရသူသည် ရုပ်ရည်နုပျို၊ မအိုမသေနေရချေအံ့"ဟု ရွှေပြားပေါ်တွင် ကမ္ပည်းရေးထိုးထားခဲ့သည်။

ထို့ကြောင့် နောက်မင်းတို့သည် ဒေါင်းမင်း၏ အသားကိုစားလို၍ မုဆိုးတို့ကို စေလွှတ်ကြကုန်သည်။ ခုနစ်ဆက်မြောက်မင်းလက်ထက်တွင် အမဲလိုက်ကျွမ်း

သော မုဆိုးတစ်ဦးသည် ဒေါင်းမကိုရှာ၍ ဘုရားအလောင်းဥဒေါင်းမင်းအား ဖြားယောင်းလေတော့သည်။ ဒေါင်းမ၏ တွန်ကြွေးသံကိုကြားသော ဥဒေါင်းမင်းသည် နေ့စဉ်ရွတ်နေကျ ပရိတ်တော်ကိုရွတ်ဆိုရန် သတိမေ့၏။ ညွှတ်ကွင်းရှိရာ ဒေါင်းမလေးထံသို့ ပြေးလာ၏။ ထို စဉ် ညွှတ်ကွင်းကို နင်းမိလျက် မုဆိုး၏ဖမ်းခြင်းကို ခံရရှာလေတော့သည်။

မုဆိုးလည်း ဥဒေါင်းမင်းကို ဖမ်းယူလျက် ဘုရင်ထံ ဆက်သလေ၏။ ဘုရင်လည်း ဥဒေါင်းမင်းကို တွေ့သောအခါ "ဥဒေါင်းမင်း သင်၏အဆင်းသည် ရွှေရောင်ဝင်းလျက်ရှိသည်။ သင်၏အသားကို စားရလျှင် ရုပ်ရည်နုပျို မအိုမသေ နေရချေအံ့"ဟု ကမ္ပည်း မှတ်တမ်းရှိပေသည်။ ထို့ကြောင့် သင့်အားဖမ်းရန် မုဆိုးအား ငါစေလွှတ်ခဲ့ခြင်း ဖြစ်ပေသည်"ဟု အမိန့် ရှိလေ၏။

ဥဒေါင်းမင်းလည်း မင်း၏စကားကိုကြားလျှင် "အသင်မင်းကြီး ကျွန်ုပ်သည် ရှေးအခါက ဤပြည်တွင် စကြဝတေးမင်းဖြစ်၍ ငါးပါးသီလစောင့်ထိန်းခဲ့၏။ သူတစ်ပါးတို့အားလည်း ငါးပါးသီလမြဲစေရန် ဆောင်ရွက်ခဲ့၏။ ထိုကုသိုလ်ကြောင့် ကျွန်ုပ်၏ အဆင်းသည် ရွှေကဲ့သို့ဝင်းသည်။ ကျွန်ုပ်ကိုယ်တိုင်ပင် အိုနာသေဘေး

နှင့် မကင်းလွတ်နိုင်။ ထို့ကြောင့် ကျွန်ုပ်၏အသားစားရုံဖြင့် မအိုမသေ အသက်ရှည်မည်ဆိုသည့်စကားသည် မဟုတ်မှန်ပါ”ဟု ဆိုလေသည်။

ထိုအခါမင်းကြီးက “ဥဒေါင်းမင်း၊ ဤပြည်၌ စကြဝဝတေးမင်းဖြစ်ခဲ့သည်ဟု သင်ဆိုသည်။ အထောက်အထား သက်သေပြနိုင်ပါမည်လော့”ဟု မေး၏။ ဥဒေါင်းမင်းလည်း “ဤပြည်၌ စကြာဝတေးမင်းဖြစ်ခဲ့စဉ်က ငါစီးတော် ရတနာယာဉ်ရထားကို ဤမင်္ဂလာရေကန်တွင် မြှုပ်နှံထားခဲ့၏။ တူးဖော်ကြည့်လေ”ဟု ပြောလေသည်။

ဥဒေါင်းမင်း၏စကားအတိုင်း တူးဖော်ကြည့်ရာ ရတနာယာဉ်ရထားကို တွေ့ရလေ၏။ ဥဒေါင်းမင်း၏ စကားကို ယုံကြည်လျက် မင်းကြီးသည် ဥဒေါင်းမင်း၏ ဩဝါဒကို နာယူကာ ဘေးမဲ့လွှတ်လိုက်လေတော့သတည်း။

ဤဇာတ်တော်ဝတ္ထုကို အထောက်အထားပြုလျက် ရှေးသူဟောင်းတို့က “မဘက်လိုက်တော့ မိုက်ဘက်ပါ” ဟူ၍လည်းကောင်း၊ “ဥဒေါင်းမင်းပင် ညွတ်ကွင်းကျ” ဟူ၍လည်းကောင်း ဆိုရိုးစကားပြုကြလေသည်။

❑ ❑ ❑

# ခွေးတောက်မြစ်ယက်၊
# စိုက်ရေဖက်က
# သရက်ပင်မင်း သီးချိုကင်း၏

ရှေးသရောအခါ ဒဓိဝါဟနမည်သော မင်းတစ်ပါးရှိလေသည်။ တစ်နေ့တွင် နတ်တို့သုံးဆောင်သော သရက်သီးတစ်လုံးသည် မြစ်ရေတွင်မျောပါလာကာ မင်းကြီးရေကစားရာ၌ ကာကွယ်ထားသောပိုက်ကွန်တွင် ငြိလေ၏။ မင်းချင်းတို့က သရက်သီးကိုမင်းကြီးအား ဆက်သကြသည်။ ဒဓိဝါဟနမင်းသည် သရက်သီးကိုသုံးဆောင်ကြည့်သောအခါ အလွန်ချိုမြိန်လှသော အရသာရှိကြောင်း တွေ့ရသဖြင့် သရက်စေ့ကိုစိုက်စေသည်။ သရက်ပင်ပေါက်သောအခါ အပင်ကို နို့ရည်ဖြင့် သွန်းလောင်း၏။ ပင်စည်ကိုလည်း အမွှေးနံ့သာတို့ဖြင့် လိမ်းကျံစေ၏။ ပုဆိုးတင်းတိမ်ဖြင့် ကာရံ

စောင့်ရှောက်စေသည်။ သီးချိန်တန်သောအခါတွင် ချိုမြိန်လှသော သရက်သီးများ သီးလေသည်။

ဒဓိဝါဟနမင်းသည် သရက်သီးကိုတစ်ပါးမင်းတို့အား လက်ဆောင်ပေးလေ၏။ သို့သော် အစေ့မှ အပင်မပေါက်နိုင်အောင်အညှောင့်ထွက်ရာနေရာကို ငါးရိုးဖြင့် ဖောက်၍ ပို့စေသည်။

တစ်ပါးသော မင်းသည် သရက်သီးကိုစားသုံးပြီး အစေ့ကို အပင်စိုက်သော်လည်း အပင်မပေါက်သည်ကို စုံစမ်းရာ ဒဓိဝါဟနမင်း၏ အစီအမံဖြစ်ကြောင်း တွေ့ရသည်။ ထို့ကြောင့် သူ၏ ဥယျာဉ်စောင့်ကို တစ်ထောင်သော ဥစ္စာပေး၍ သရက်ပင်ကို ပျက်စီးစေရန် ခိုင်းလိုက်သည်။ ထိုဥယျာဉ်စောင့်သည် ဒဓိဝါဟနမင်းထံ အခစားဝင်၍ ဥယျာဉ်စောင့်နှင့်အတူ အလုပ်လုပ်လေသည်။

ဥယျာဉ်စောင့်အသစ်သည် ပွင့်ချိန်မတန်ဘဲ ပန်းတို့ကိုပွင့်စေသည်။ သီးချိန်မတန်ဘဲ အသီးတို့ကို သီးစေ၏။ ထိုအခါ ဒဓိဝါဟနမင်းသည် လွန်စွာနှစ်သက်တော်မူ၍ ဥယျာဉ်တော်စောင့်အသစ်ကို ဥယျာဉ်မှူးခန့်ထားလိုက်လေသည်။

ထိုအခါ အကြံရှိရင်းစွဲရှိခဲ့သော ဥယျာဉ်မှူးသည် သရက်ပင်ကိုခြံရံ၍ တမာပင်များ၊ ခွေးတောက်

နွယ်ပင်များ စိုက်၏။ တမာပင်တို့ကြီးလာသောအခါ တမာမြစ်နှင့် သရက်မြစ်၊ တမာခက်နှင့် သရက်ခက် တို့ ရောထွေးယှက်ကုန်သည်။ ထိုနည်းတူ ခွေးတောက်နွယ်တို့လည်း သရက်မြစ်နှင့် အမြစ်ချင်းရောနှောယှက်ကုန်သည်။ တမာ၊ ခွေးတောက်တို့၏ ခါးသောအရသာသည်လည်း သရက်ပင်သို့ ကူးရောက်၍ သရက်သီး သီးသောအခါ မချိုမြိန်တော့ဘဲ ခါးသောအရသာ ဖြစ်ပေါ်လာသည်။ ဥယျာဉ်မှူးသစ်သည် သရက်သီး အကာက အခါးဓာတ်ပြောင်းကြောင်း သိသောအခါ ထွက်ပြေးသွားလေသည်။

ထို့ကြောင့် ဒဓိဝါဟနမင်းသည် သရက်ချိုပင် အရသာအခါးဓာတ် ဘာကြောင့်ပြောင်းလဲရသည်ကို ပညာရှိတို့အား ခေါ်ယူတိုင်ပင်လေ၏။ တမာပင်၊ ခွေးတောက်နွယ်တို့ ခြံရံပေါက်စေလျက် အမြစ်အကိုင်းတို့ လည်း သရက်ပင်အမြစ်အကိုင်းတို့နှင့် ရောယှက်ပေါက်စေသောကြောင့် သရက်ချိုပင်သည် အသီး ခါးရကြောင်း ပညာရှိတို့ လျှောက်တင်ကြလေသည်။

ထိုသောအခါ ဘုရင်ဒဓိဝါဟနမင်းသည် တမာပင်တို့ကို နုတ်စေ၏။ ခွေးတောက်ပင်တို့ကိုလည်း အမြစ်နှင့်တကွ နုတ်ပယ်ဖယ်ရှားစေသည်။ သရက်ပင်ဝန်းကျင်တွင်ချိုသော မြေမှုန့်တို့ကိုဖို့စေ၏။ နို့ရည်၊ သကာ

ရည်၊ နံ့သာရည်တို့ကို ပက်ဖျန်းသွန်းလောင်းစေ၏။ ထိုအခါ သရက်သီးတို့လည်း တစ်ဖန် ချိုမြိန်သော အရသာနှင့် ပြည့်ဝကြကုန်သည်ကို တွေ့ရလေသည်။

ဤဒဓိဝါဟနဇာတ်ကို မှီငြမ်းပြုလျက် ရှေးလူကြီးသူမတို့သည် လူငယ်များ၊ သားငယ်၊ သမီးငယ်များ၊ အပေါင်းအသင်း မမှားစေရန် အပေါင်းမှားလျှင် ပျက်စီးတတ်ကြောင်းကို “ခွေးတောက်မြစ်ယှက်၊ စိုက်ရောဖက်က၊ သရက်ပင်မင်း၊ သီးချိုကင်း၏”ဟူ၍ ဆိုရိုးစကား ပြုတတ်ကြလေသည်။

❑ ❑ ❑

## မောင်လှုနဲ့မိဝိုင်း

ရှေးအခါက ဆင်းရဲသော မောင်နှမနှစ်ယောက်ရှိသတဲ့။ မိဘနှစ်ပါး ကွယ်လွန်သွားတဲ့အတွက် အားကိုရာမဲ့ မောင်နှမနှစ်ယောက်ဟာ ဆင်းဆင်းရဲရဲ စားသောက်နေထိုင်ကြရတယ်။ သူတို့မှာ တယောအိုကလေးတစ်လက်ပဲရှိသတဲ့။ မောင်ဖြစ်သူက တယောထိုး၊ ညီမဖြစ်သူက သီချင်းဆိုကပြတဲ့အခါ လူအများက သနားကရုဏာသက်ပြီး ပိုက်ဆံပေးကြတယ်။ ညအခါမှာတော့ ကြုံသလိုပဲ မြက်ခင်းပြင်ပေါ်မှာ အိပ်ကြရတယ်။ တစ်ခါတစ်ရံမှာတော့ သစ်ပင်အောက်မှာ အိပ်ကြသတဲ့။ တစ်နေ့မှာ မောင်လှုနဲ့မဝိုင်းတို့ဟာ မြို့တက်ပြီး လမ်းနံဘေးမှာ အစ်ကိုက တယောထိုး၊ နှမကလေးမိဝိုင်းက သီချင်းဆိုပြီး ကပြသတဲ့။ မြို့ပေါ်က လမ်းသွားလမ်းလာ လူအများက မောင်လှုတို့မောင်နှမကို သနားပြီး ပိုက်ဆံတွေ ပေးကြသတဲ့။

မောင်လှတို့ မောင်နှမ မောလို့နားနေခိုက်မှာ မြို့ပေါ်က လူမိုက်ကလေးတစ်သိုက်ရောက်လာပြီး ပိုက်ဆံတွေကိုလည်း လုယူကြတယ်။ တယောအိုကလေးကိုလည်း ရိုက်ချိုးပစ်ကြတယ်။ အော်ဟစ်ရယ်မောသွားကြတဲ့ လူငယ်တွေကို မောင်လှတို့မောင်နှမ ငေးကြည့်ပြီး ကျန်ရစ်သတဲ့။ နှမလေး မိဝိုင်းကတော့ ဘာမှမရှိတော့တဲ့ ပိုက်ဆံခွက်ကလေးနဲ့ ကျိုးပဲ့သွားတဲ့ တယောအိုလေးကိုကြည့်ပြီး ငိုကြွေးရှာသတဲ့။ အစ်ကိုဖြစ်သူက "မငိုပါနဲ့ကွယ်၊ တိတ်ပါ"လို့ နှမလေး မိဝိုင်းကို ချော့မော့သတဲ့။ မိဝိုင်းက...

"အစ်ကို ... နှမတို့မှာ ဒီတယောလေးနဲ့ ပဲအသက်မွေးနေရတာ၊ ခုတော့ တယောလေးလည်းကျိုးပဲ့သွားပြီ၊ ဘယ်လိုလုပ်မလဲ အစ်ကို" လို့ သနားစဖွယ်ပြောရှာသတဲ့။

မောင်နှမနှစ်ယောက်လည်း ကြံရာမရ၊ စိတ်ပျက်ပြီး ခြေဦးတည့်ရာသွားလိုက်တာ မြို့စွန်က တောအုပ်ထဲကို ရောက်သွားသတဲ့။ တောင်ပူစာကလေးနားမှာ မောင်နှမနှစ်ယောက်ထိုင်ပြီး မှိုင်နေကြတယ်။ စမ်းချောင်းကလေးက တသွင်သွင် စီးဆင်းနေတယ်။ မောပန်းလှလို့ မောင်နှမနှစ်ယောက်ဟာ စမ်းချောင်းဘေးက မြက်ခင်းပြင်မှာ အိပ်ပျော်သွားကြသတဲ့။

မောင်နှမနှစ်ယောက် အိပ်ရာက နိုးလာတော့ "ခုနေ နတ်သိကြားတို့က တို့မောင်နှမကို တယောသံ ကြားရင် လူတိုင်းမနေနိုင်ဘဲထ, ကရတဲ့ တယောမျိုး ပေးရင် ကောင်းမှာပဲလို့ မောင်လှကပြောသတဲ့။ လမင်း ကြီးကလည်း သာနေတယ်။ အစ်ကိုဖြစ်သူရဲ့ စိတ်ကူး အကြံကိုသိရတဲ့ နှမလေး မိဝိုင်းက ...

"အစ်ကိုရယ် မဖြစ်နိုင်တာ၊ ဒီလို တယော မျိုးကမ္ဘာကြီးမှာ မရှိနိုင်ပါဘူး"လို့ ပြောနေတုန်း ...

"ရှိပါတယ်၊ ဟောသည်မှာ"လို့ အသံကြား ရသတဲ့။ ကြည့်လိုက်တော့ နတ်သမီးလေးဟာ လှပ တဲ့ တယောလေးကို မောင်လှကို လှမ်းပေးနေတာ တွေ့ရလို့ အလွန်ပဲ အံ့သြမိသတဲ့။

"ကျွန်ုပ်ဟာ ဟောဒီစမ်းချောင်းမှာနေတဲ့ နတ် သမီးဖြစ်တယ်။ ဒီတယောကို ထိုးလိုက်ရင် ကြားရတဲ့ လူအပေါင်းဟာ ပျော်ရွှင်ပြီး ထ,ကကြလိမ့်မယ်။ ဒါပေမဲ့ ကျွန်ုပ်ကို ကတိပေးရမယ်။ ကျေးဇူးကိုမေ့ပြီး ငါတယော ထိုးကောင်းလို့ လူတွေ ထ,ကကြရတယ်လို့ အထင်ကြီး စိတ်၊ မာနစိတ်ဖြစ်ရင်တော့ တေယောကြိုးတွေ တစ် ချောင်းပြီးတစ်ချောင်း ပြတ်ကုန်လိမ့်မယ်။ သတိထား ပါလို့ မှာကြားသတဲ့။

မောင်လှနဲ့ မိဝိုင်းတို့ဟာ "မာနမကြီးပါ၊

ကျေးဇူးမမေ့ပါ” လို့ပြောပြီး ရပ်တကာနယ်တကာကို လှည့်ပြီး မောင်လှက နတ်တယောကိုထိုး၊ ညီမလေးမိဝိုင်းက သီချင်းဆိုကပြသတဲ့။ လူအပေါင်းဟာ မောင်လှနဲ့ မိဝိုင်းတို့အနီးကို ဝိုင်းအုံရောက်လာသတဲ့။ တယောသံကိုကြားတော့ မနေနိုင်ဘဲထ,ကကြသတဲ့။ ကြည့်နေကြတဲ့သူအပေါင်းက မောင်လှတယောထိုးရပ်မှပဲ အကရပ်ကြတော့တယ်။ ငွေလည်း အများကြီးပေးကမ်းကြသတဲ့။

မြို့ပေါ်ကိုတက်ပြီး မောင်နှမနှစ်ယောက် မောင်လှက တယောထိုး၊ နှမလေးက သီချင်းဆို၊ ကပြပြန်သတဲ့။ မြို့သူမြို့သားတွေလည်း သာယာလှတဲ့ တယောသံကို ကြားတာနဲ့ ကခုန်ကြသတဲ့။ အဲသလို လူတွေဝိုင်းအုံနေတုန်း ဘုရင်ကြီးကြွလာသတဲ့။ အကျိုးအကြောင်းကို ဘုရင်ကြီးက မေးတော့ ထူးဆန်းသောတယောရှင်အကြောင်းကို လျှောက်ထားကြသတဲ့။ ဘုရင်ကြီးလည်း ကိုယ်တိုင်စုံစမ်းလိုတဲ့အတွက် လူအုပ်ထဲကို တိုးသွားသတဲ့။ တယောသံကိုလည်းကြားရော ဘုရင်ကြီးလည်း စိတ်မထိန်းနိုင်ဘဲ ကခုန်သတဲ့။ ဘုရင်ကြီးလည်း အကြံတစ်ခုရပြီး မောင်လှတို့မောင်နှမကို နန်းတော်ကြီးကို ခေါ်သွားသတဲ့။ မောင်လှနဲ့မိဝိုင်းဟာ နန်းတော်ကြီးမှာ ပျော်ရွှင်စွာနေကြသတဲ့။ စားကောင်းသောက်ဖွယ်တွေ စားသုံးရသတဲ့။ အဝတ်သစ်တွေလည်း

ဆင်မြန်းရသတဲ့။ နန်းတွင်းသူ မင်းသားမင်းသမီးလေးတွေနဲ့ ကစားရလို့ အလွန်ပျော်သတဲ့။

မင်းကြီးဟာ တိုင်းရေးပြည်ရေးအတွက် စိတ်ပင်ပန်းနွမ်းနယ်လာရင် မောင်လှတို့မောင်နှမကိုခေါ်ပြီး ဖျော်ဖြေခိုင်းသတဲ့။ မှူးမတ်တွေလည်း ထ,ကကြသတဲ့။ ဘုရင်ကြီးလည်း အမတ်တွေနဲ့ ရောပြီး က,သတဲ့။

ဒီလိုနဲ့ မောင်လှဟာ လူအများရဲ့အရေးပေးခြင်းကို ခံရလွန်းတဲ့အတွက် စိတ်ကြီးဝင်လာသတဲ့။ ငါတော်တယ်လို့ မာနကြီးလာတယ်။

မိဝိုင်းလေးဟာလည်း နန်းတော်ထဲမှာ အနေကြာလာတော့ အလွန်လှပတဲ့ နတ်သမီးလေးလိုကြည့်လို့ကောင်းလာတယ်။ ရှင်ဘုရင့်သားတော်လေးဟာ လှပချောမောတဲ့ မိဝိုင်းကို အလွန်ပဲ ချစ်ကြိုက်မိသတဲ့။ ဒါပေမဲ့ ဘုရင်ကြီးက မိဝိုင်းဟာ သားတော်နဲ့ မတန်ဘူးလို့ အမိန့်ရှိတာနဲ့ မောင်လှဟာ သူ့တယောကို ထိုးလိုက်သတဲ့။ ဘုရင်ကြီး တယောသံကြားတာနဲ့ထ, ကသတဲ့။တယောထိုးမရပ်မချင်း ကနေရတဲ့ဘုရင်ကြီးဟာ ...

"တယောထိုးရပ်ပါတော့ နက်ဖြန်သားတော်နဲ့ မိဝိုင်းကို လက်ထပ်မင်္ဂလာပြုလုပ်ပေးပါမယ်"လို့ ကတိပြုမှ မောင်လှလည်း တယောထိုးရပ်လိုက်သတဲ့။

မောင်လုဟာ သူဖြစ်ချင်တာမှန်သမျှကို လုပ်နိုင်စွမ်းရှိတာ နတ်တယောကြောင့်ဆိုတာ မေ့လျော့နေသတဲ့။

ငါ့အစွမ်းရှိလို့ ငါလုပ်ချင်တာ ဖြစ်နေတာလို့ စိတ်ကြီးဝင်၊ မာနကြီးတာနဲ့တစ်ပြိုင်နက် တယောကြိုးတွေဟာ တစ်ချောင်းပြီးတစ်ချောင်း ပြတ်ကုန်ပါရောတဲ့။

ဘုရင်ကြီးဟာ အဖြစ်မှန်ကို သိတာနဲ့ မောင်လုတို့မောင်နှမကို နန်းတော်မှထွက်သွားဖို့ အမိန့်ပေးလိုက်သတဲ့။ မောင်လုနဲ့မိဝိုင်းတို့ဟာ ယခင်တောင်ပူစာနံဘေးက စမ်းချောင်းကလေးရှိရာ တောအုပ်ကို သွားကြသတဲ့။ မောင်နှမနှစ်ယောက် စမ်းချောင်းဘေးမှာ ငိုကြွေးမှိုင်ငေးနေတုန်း နတ်သမီးပေါ်လာသတဲ့။ မောင်လုဟာ နတ်သမီးကို တယောကလေးပြန်ယူဖို့ ပေးလိုက်သတဲ့။ မိမိမာနကြီး၊ စိတ်ကြီးဝင်မိတာ မှားပါတယ်လို့ ဝန်ခံပြောဆိုပြီး နောင်တကြီးစွာ ရရှာသတဲ့။

နတ်သမီးလည်း ပျောက်ကွယ်သွားပါတော့တယ်။ တသွင်တွင်စီးဆင်းနေတဲ့ စမ်းချောင်းရဲ့ နံဘေးမြက်ခင်းပြင်ပေါ်မှာ မောင်လုနဲ့ မိဝိုင်းနှစ်ခြိုက်စွာ အိပ်မောကျနေပါတော့တယ်။

❑ ❑ ❑

## ကွန်ဂဒူး
## (မွန်ပုံပြင်)

ဟိုရှေးရှေးတုန်းက မွန်တို့ဌာနေ ရာမည တိုင်းမှာ ထော်ထနီးဆိုတဲ့ ရွာကလေးတစ်ရွာ ရှိသတဲ့။ အဲဒီရွာကလေးမှာ ကောက်စိုက်သမကလေးတစ်ဦး ရှိသတဲ့။ တစ်နေ့မှာ မွန်အမျိုးသမီး ကောက်စိုက်မကလေးဟာ သားငယ်ကို ခါ့ထစ်ခွင်ချီပြီး လယ်တောကို ထွက်ခဲ့သတဲ့။ ကောက်စိုက်တံကို လက်တစ်ဖက်မှာကိုင်ထားတယ်။ ဦးခေါင်းထက်မှာတော့ ပီလမလို့ ခေါ်တဲ့ ဂဒူးကြီးဆောင်းထားသတဲ့။

ကွန်ဂဒူးဆိုတာ မွန်ဘာသာစကား ဖြစ်ပါတယ်။ ကွန်ဆိုတာ သားငယ်ကိုပြောတာ၊ ဂဒူးဆိုတာက ခနိဖက်တို့၊ စလူရွက်တို့နဲ့ ဆောင်းစရာတစ်မျိုး၊ ဦးခေါင်းကနေ တင်ပါးအထိ မိုးလုံတဲ့ဆောင်းစရာ၊ မွန်လို့ခေါ်တော့ ပီလမတဲ့။

ဂဒူးကိုဆောင်း၊ သားငယ်ကို ခါးတစ်ခွင်ချီ၊ ကောက်စိုက်တံကို လက်မှာကိုင်၊ သီချင်းညည်းပြီး မိခင်ဖြစ်သူဟာ လယ်တောဆီကို သွားနေတယ်။ သီချင်းဆိုရပေမယ့် စိတ်ထဲမှာတော့ မပျော်နိုင်ရှာပါ။ လွမ်းစိတ်၊ ဆွေးစိတ်တွေက ပေါ်လာသတဲ့။

အနောက်တောင်ဘက်မှာရှိတဲ့ ကျွန်းညိုညိုဆီက မိုးသားမိုးတိမ်တွေ တလိပ်လိပ်တက်လာပြီး ညိုမှိုင်းနေတာကိုမြင်ရတော့ ပိုပြီးလွမ်းမိသတဲ့။ ကွယ်လွန်သူခင်ပွန်းယောကျ်ားကို ပိုလို့ သတိရရှာသတဲ့။ ခါတိုင်းဆို ဒီလယ်တောကို မိသားစုတပျော်တပါး လာနေကျ။ ခုတော့ သားအမိနှစ်ယောက်တည်း။ သားငယ်ရဲ့ဖခင်ဖြစ်သူဟာ ခုတော့ ရွာပြင်က ထိန်ပင်ကြီးအောက်မှာ မြှုပ်နှံထားလို့ ဆွေးမြေ့ရှာပြီ။

ဟိုတုန်းက အကြောင်းကိုတွေးပြီး ဆွေးနေတဲ့ မိခင်ရဲ့ဆံပင်ကို သားငယ်က ဆွဲလိုက်၊ တွတ်တီးတွယ်တာ စကားတွေပြောလိုက်၊ ရယ်မြူးလိုက်နဲ့ လိုက်ပါလာသတဲ့။ ဘာမှမသိရှာတဲ့ သားငယ်လေးကို ကြည့်ပြီး မိခင်ဟာ မျက်ရည်စို့မိသတဲ့။

ဒီလိုနဲ့ သားအမိနှစ်ယောက် ကောက်စိုက်ရမယ့် ကောက်ငန်းနေရာကို ရောက်လာသတဲ့။ သားငယ်လေးကို လမုပင်ကြီးအောက်မှာ ဂဒူးထဲထည့်ပြီး သိပ်ထားသတဲ့။ မိမိကတော့ လယ်ထဲဆင်းပြီး ကောက်စိုက်နေသတဲ့။

ကောက်စိုက်နေရပေမယ့် သူ့စိတ်က ကောက်ပင်မှာမရှိ၊ လွမ်းစိတ်ဆွေးစိတ်သာရှိသတဲ့။ ဗျိုင်းဖြူကလေးများ ပျံနေတာမြင်ရင် ဗျိုင်းဖြူတွေနဲ့ရောပြီး ပျံချင်တယ်။ လွင့်နေတဲ့ တိမ်တိုက်ကြီးတွေကိုမြင်ရင်

တိမ်တိုက်ကြီးတွေနဲ့အတူ လွင့်သွားချင်သတဲ့။ လမုပင်အောက် ဂဒူးထဲမှာ အိပ်ပျော်နေတဲ့ သားလေးကို သတိမေ့နေမိသတဲ့။

ကောက်စိုက်နေလိုက်တာ အချိန်တွေ ကုန်မှန်းမသိ ကုန်သွားတယ်။ မွန်းတည့်ရာက မွန်းတိမ်း၊ မွန်းတိမ်းရာက နေစောင်းခဲ့ပြီ။ အလုပ်ပင်ပန်းပြီး တစ်ကိုယ်လုံး အေးစက်တောင့်တင်းနေပြီ။ အလုပ်ချိန်ပြီးဆုံးလို့ သားငယ်ကိုပိုက်ပြီး အိမ်ပြန်ရတော့မယ်။ မိုးတွေက သဲကြီးမဲကြီးရွာနေတယ်။ လယ်ထဲမှာ ရေတွေဖွေးနေပြီ။ ကန်သင်းများတောင် မပေါ်တော့။

ကောက်စိုက်သမ မိခင်ဟာ ခုမှဂဒူးထဲ သိပ်ထားတဲ့သားကို သတိရပြီး ကြည့်လိုက်တော့ ဂဒူးလည်း မတွေ့၊ မြေပြင်ကိုလည်း မတွေ့၊ ရေပြင်ကြီးကိုသာ တစ်မျှော်တစ်ခေါ် မြင်ရသတဲ့။ အဲဒီတော့မှ မျက်လုံးမျက်ဆန်ပြူးပြီး သားငယ်ရှိရာ လမုပင်ကြီးအောက်ကို ပြေးသွားသတဲ့။

လမုပင်ကြီးအောက်မှာတော့ ဂဒူးကိုမတွေ့ရတော့၊ သားငယ်နဲ့အတူ ဂဒူးကြီးဟာ တက်ရေမှာ မျောပါသွားသတဲ့။ ကယ်ကြပါဦးလို့ အော်ဟစ်အကူအညီတောင်းပေမယ့် အနီးမှာ ဘယ်သူမှမရှိလို့ မကြားနိုင်ကြဘူးပေါ့။ ဆူးချုံထဲမှာရှိမလားလို့ သွားရှာတော့လည်း မတွေ့။ ဒနှန်းတောထဲမှာရှိမလားလို့ သွားကြည့်

တော့လည်း သားငယ်ကို မတွေ့ရဘူးတဲ့။ ဟိုပြေး၊ ဒီပြေးနဲ့ ရှာဖွေပေမယ့် ဖတဆိုး လူမမယ်သားငယ်လေးကို ဘယ်မှာမှ မတွေ့ရတော့ဘူးတဲ့။

မိခင်ဟာ ငိုကြွေးပြီး ထမင်းလည်း မစား၊ ဟင်းလည်းမစားဘဲ ရေစုန်ရေဆန် နေရာအနှံ့ လိုက်ရှာသတဲ့။ တွေ့သမျှ လှေသမားတွေကို "သားလေးကို တွေ့ကြပါသလား" လို့ မေးရှာသတဲ့။ "တော်ထနီးရွာက သူ့မိခင်ရှာနေတယ်လို့ ပြောပေးပါ" လို့ တငိုငို တယိုယိုနဲ့ ပြောရှာသတဲ့။

နေ့မှန်းမသိ၊ ညမှန်းမသိ သားပျောက်ကို ရှာဖွေရင်း မြစ်ကမ်းနံဘေးမှာ စိတ်ထိခိုက်ပြီး ကောက်စိုက်သမမိခင်ဟာ ကွယ်လွန်သွားပါသတဲ့။

သားငယ်ကို စွဲလမ်းတဲ့စိတ်နဲ့ ကွယ်လွန်သွားတဲ့ ကောက်စိုက်သမ မိခင်လေးဟာ နောင်ဘဝမှာ ကွန်ဂဒူးဆိုတဲ့ ငှက်ကလေးဖြစ်သွားသတဲ့။ နေညိုညိုညနေစောင်းအချိန်တွေမှာ ကွန်ဂဒူးငှက်ကလေးဟာ ကွန်ဂဒူး၊ ကွန်ဂဒူးလို့ သနားစဖွယ်အော်မြည်ပြီး မြစ်ရိုးတစ်လျှောက်မှာ သားပျောက်ကို ရှာဖွေနေတုန်းပါပဲ။

❑ ❑ ❑

## ဆိုးတိုင်ပင် ကောင်းတိုင်ပင်

ရှေးအခါက တောင်ပေါ်ရွာကလေးမှာ 'အိနူး' နှင့် 'ခါးနူး' အမည်ရှိသော ညီအစ်ကိုနှစ်ယောက်ရှိ၏။ ညီအစ်ကိုနှစ်ယောက် သဘောချင်း မတိုက်ဆိုင်ပါ။

အစ်ကိုအပေါ် မကျေနပ်သော ညီသည် အိမ်ခွဲ၍ တသီတခြားနေတော့သည်။ အစ်ကိုနှင့် အပေါင်းအသင်းမလုပ်။ အမဲကောင်ရလျှင် သူ့အစ်ကိုအား မပေး။ အပေါင်းအသင်းကို ပေး၏။ တစ်နေ့တွင် ရွာထဲက အဘိုးအိုတစ်ယောက်က ...

ခါနူး၊ ငါ့မြေး၊ အစ်ကိုလုပ်သူအပေါ် မင်းစိမ်းကားလွန်းတယ်။ ညီအစ်ကိုဆိုတာ သွေးရင်းသားရင်းဖြစ်တယ်။ သူစိမ်းဆိုတာ ဆွေမျိုးလောက် မကောင်းဘူး။ အစ်ကိုကြီးဆိုတာ ညီကို "ပူရင်လည်း ခံတွင်းထဲမှာ ငုံတာပဲ။ အေးရင်လည်း ခံတွင်းထဲမှာ ငုံတာပဲ"ဟူ၍ ဆုံးမလေသည်။ အဘိုးအိုပြောစကား မှန်မမှန်သိရန် စမ်းမည်ဟု ညီဖြစ်သူ ခါးနူးက ဆုံးဖြတ်သည်။ တစ်နေ့မှာ ခါးနူးသည် လှံကိုဆွဲ၍ တောထဲသို့ သွား၏။ ဆတ်သေကို သစ်ကိုင်းနှင့်အုပ်ပြီး ရွာသို့ပြန်ခဲ့သည်။

ရွာသို့ရောက်လျှင် အသိတစ်ဦးထံသွား၍ "ကျုပ်တော့ လူသတ်မိပြီ၊ ကူညီပါဦး"ဟု တောင်းပန်သည်။ အသိက "မင်းလွတ်အောင် တခြားကို ပြေးပေတော့၊ ငါ မကူညီတတ်ဘူး"ဟု ပြန်ပြောလိုက်သည်။

ခါနူးသည် တခြားအသိတစ်ဦးထံ သွားပြန်၏။ "ကျုပ် လူသတ်မိခဲ့ပြီ"ဟု ကူညီရန် တောင်းပန်သည်။ ထိုသူက "မင်း ဒီဘက်ကို မလာနဲ့၊ ငါ့ကို အမှုပတ်နေဦးမယ်"ဟု ပြောလွှတ်လိုက်သည်။ သွားစရာ အသိအိမ်ကုန်သောအခါ အစ်ကိုကြီးထံသွား၏။ "တောထဲမှာ လူတစ်ယောက်ကို သတ်မိခဲ့တယ်။ ဘယ်လို လုပ်ရမလဲ"ဟု အကူအညီတောင်းသည်။ အစ်ကိုအီနူးသည် ချက်ချင်းပင် "ဟာ လူသတ်မိခဲ့ရင် အေးနေလို့ မဖြစ်ဘူး၊ လူမသိခင် ကိစ္စပြီးအောင် လုပ်ရမှာပေါ့။ ဘယ်မှာလဲ သွားကြစို့" ဟု ပြောပြီး တူးရွင်းကို ယူသည်။ လူသေကို ဖျောက်ဖျက်ရန် ညီအစ်ကို နှစ်ဦးထောထဲသို့ သွားကြသည်။ တောထဲတစ်နေရာသို့ ရောက်သောအခါ ညီဖြစ်သူက ဆတ်သေကောင်ကို လက်ညှိုးထိုးပြပြီး ...

"ဒါပဲအစ်ကို၊ လူတွေရဲ့ စိတ်ဓာတ်ကို စမ်းချင်လို့ပါ။ တကယ့်အရေးကျတော့ ကျွန်တော့် အသိတွေက အကူအညီမပေးကြဘူး။ အစ်ကိုကြီးရဲ့ မေတ္တာကို ကျွန်တော်ယုံပါပြီ။ မှားမိတာကို ခွင့်လွှတ်ပါအစ်ကိုကြီး"ဟု တောင်းပန်သည်။ အစ်ကိုကြီးသည် ညီကို ခွင့်လွှတ်သည်။ ညီအစ်ကိုနှစ်ယောက် ဆတ်သေကို

ထမ်းပြီး အိမ်သို့ပြန်လာကြသည်။ ရွာသားများက သင့်မြတ်နေကြသော အီနူးနှင့် ခါနူးညီအစ်ကို ကို မြင်ရ၍ အံ့သြနေကြလေသည်။

*(တစ်မြေတည်းနေ တစ်ရေတည်းသောက် ပြည်ထောင်စု တိုင်းရင်းသားပုံပြင်များမှာ ကောက်နုတ်တင်ပြသည်။)*

❑ ❑ ❑

## ခဝဲပန်းနတ်သမီး

တာဝတိံသာနတ်ပြည်မှာ နတ်သမီးကလေး တစ်ပါးရောက်လာသတဲ့။ နတ်သမီးကလေးဟာ အလွန်လှပ တင့်တယ်သတဲ့။ နတ်သမီးကလေးရဲ့ အိမ်ဟာ ရွှေရောင်တောက်နေတယ်။ သူအိပ်တဲ့နေရာ မှာလည်း ရွှေရောင်ဝင်းနေသတဲ့။ အိုးတွေခွက်တွေ ကြည့်လိုက်တော့လည်း ရွှေရောင်တောက်ပြီး တဝင်းဝင်း တလက်လက်နဲ့ တောက်ပြောင်နေသတဲ့။ အသုံး အဆောင်ပစ္စည်းမှန်သမျှ ရွှေချည်းပဲတဲ့။ နတ်သမီးလေး ဝတ်ဆင်ထားတဲ့ အဝတ်တန်ဆာတွေကို ကြည့်ပါဦး။ အလွန်လှပ တောက်ပြောင်တဲ့ ရွှေအင်္ကျီ၊ ရွှေလုံချည် တွေ၊ ရွှေအဆင်းနဲ့ ဝင်းဝါလှတဲ့ ရွှေနတ်သမီးလေးကို သိကြားမင်းကြီးတွေ့သွားတော့ အလွန်အံ့သြသတဲ့။ အို ... ရွှေနတ်သမီးလေး၊ ဤမျှ ရွှေရောင်တွေ တဝင်း ဝင်းနဲ့ လှပပြီး၊ ရွှေအိမ်၊ ရွှေအိုး၊ ရွှေခွက်၊ ရွှေအင်္ကျီ၊ ရွှေလုံချည်တွေနဲ့ အလွန်ကုသိုလ်ထူးပါလား။ လူ့ဘဝ တုန်းက ဘာတွေလှူဒါန်းခဲ့လို့လဲ။ ဘယ်လိုကုသိုလ် မျိုးတွေ ပြုခဲ့လို့လဲ။ ဘယ်လိုကောင်းမှုတွေ ပြုခဲ့လို့လဲ။ ငါသိကြားမင်းကို ထင်ရှားအောင် လျှောက်စမ်းပါဦးလို့ မေးမြန်းသတဲ့။

ဒီတော့ ရွှေနတ်သမီးကလေးက ခုလိုပြန်ဖြေကြားသတဲ့။

"နတ်တို့သနင်း အို ... သိကြားမင်း။ ကျွန်ုပ်သည် လူ့ဘဝတုန်းက စေတီတော်တွင် ပူဇော်ရန် ခဝဲပန်းလေးပွင့်ကို ယူဆောင်ပြီးစေတီတည်ရာသို့ လာခဲ့ပါသည်။ ထိုသို့လာစဉ် ကျွန်ုပ်၏စိတ်တွင် ဖြစ်ပေါ်သည်မှာ မြတ်စွာဘုရား သက်တော်ထင်ရှားရှိသေးတယ်။ မြတ်စွာဘုရား ငါကိုယ်တိုင် ဖူးတွေ့ရတော့မယ်။ ပါလာတဲ့ ခဝဲပန်းလေးပွင့်ကိုလည်း မြတ်စွာဘုရားထံ ဆက်ကပ်လှူဒါန်းမယ်လို့ စိတ်ထဲက ရည်မှန်းပြီး လာခဲ့ပါတယ်။ စေတီတော်ကို မရောက်ခင်မှာ နွားမတစ်ကောင်ဟာ ကျွန်ုပ်ကိုဝှေ့သဖြင့် ကွယ်လွန်ခဲ့ပြီး ခုလိုနတ်ပြည်ဘုံဗိမာန်ကို ရောက်လာရပါတယ်"လို့ ပြောသတဲ့။

သိကြားမင်းလည်း အလွန်ပဲအံ့ဩမိသတဲ့။ ဒီနတ်သမီးလေးဟာ ခဝဲပန်းနတ်သမီးလေးပဲ။ ကုသိုလ်စိတ်နဲ့ကွယ်လွန်ခဲ့လို့ ခုလိုနတ်ပြည်မှာ လှပတဲ့ ရွှေနတ်သမီးလေးဖြစ်လာတာပဲလို့ ချီးကျူးပြောဆိုသတဲ့။

ကလေးတို့လည်း ဘုရားမှာ ပန်းကပ်ပူဇော်ရင် ခဝဲပန်းနတ်သမီးလေးလို မြတ်စွာဘုရားကို ရည်စူးပြီး ပူဇော်ဆက်ကပ်ကြပါ။

❑ ❑ ❑

## နဂါးကြီးကိုနိုင်တဲ့ ကိုရင်သုမန

ဟိုရှေးရှေးတုန်းက တောအုပ်အနီးတောင်ခြေမှာ ရွာကြီးတစ်ရွာရှိသတဲ့။ အဲဒီရွာမှာ မဟာမုဏ္ဍအမည်ရှိတဲ့ ဘုရားတရားကြည်ညိုတဲ့ ဒကာကြီးနေထိုင်တယ်။ သူ့မှာ မဟာသုမနအမည်ရှိတဲ့ သားကြီးရယ်၊ စူဠသုမနလို့ အမည်ရတဲ့ သားငယ်ရယ် သားနှစ်ယောက်ရှိသတဲ့။

တစ်နေ့မှာ ရွာကိုကြွလာတဲ့ ရဟန်းတော် အနုရုဒ္ဓါဟာ သုမနတို့အိမ်ကို ဒကာကြီးက ပင့်ဖိတ်လို့ကြွတော်မူတယ်။ အိမ်မှာ ဆွမ်းကပ်ပြီး သုမနတို့ရွာမှာ ဝါကပ်ပါရန် တောင်းပန်လို့ ဝါဆိုတော်မူသတဲ့။

အနုရုဒ္ဓါ ရဟန်းတော်ဟာ သုမနတို့မိသားစု ဆောက်လုပ်လှူဒါန်းတဲ့ တောရကျောင်းမှာ တစ်ဝါတွင်းလုံး သီတင်းသုံးနေတော်မူသတဲ့။ သုမနတို့ မိသားစုဟာ အရှင်အနုရုဒ္ဓါကိုယ်တော်ကို အစွမ်းကုန်ပြုစုလုပ်ကျွေးကြသတဲ့။ သီတင်းကျွတ်လပြည့်နေ့မှာ သုမနတို့မိသားစုဟာ သင်္ကန်း၊ တင်လဲ၊ ဆီ၊ ဆန်စတဲ့ လှူဖွယ်ပစ္စည်းတွေကို အရှင်အနုရုဒ္ဓါကို ဆက်ကပ်လှူဒါန်းပါတယ်။ ဒါပေမဲ့ ဒီလှူဖွယ်ပစ္စည်းတွေကို သယ်ဆောင်ဖို့ ကပ္ပိယလိုတဲ့အတွက် သားငယ်စူဠသုမနကို ဖခင်က ကိုရင်ဝတ်စေတယ်။ ပါရမီရှင်ဖြစ်တဲ့အတွက် ကိုရင်သုမနဟာ ဆံရိတ်ပြီးတာနဲ့ ရဟန်းတော်မြတ်ဖြစ်သွားတယ်။ ကိုရင်သုမနဟာ အသက်ငယ်ပါသေးတယ်။ ခုမှ ခုနစ်နှစ်သားအရွယ်ပဲ ရှိသေးတယ်။

ဒီလိုနဲ့ အရှင်အနုရုဒ္ဓါရယ်၊ ကိုရင်သုမနရယ်ဟာ ဈာန်နဲ့ကြွသွားကြတယ်။ ဟိမဝန္တာတောအစွန်းမှာ တောကျောင်းလေးကိုတွေ့တော့ ဆရာတပည့်နှစ်ပါး

ဟာ ညအိပ်နားနေကြသတဲ့။ အဲသလို နားနေတုန်းမှာ အရှင်အနုရုဒ္ဓါဟာ အပြင်းအထန် လေအောင့်လေနာထသတဲ့။ ဒီတော့ ကိုရင်လေးသုမနဟာ . . .

"အရှင်ဘုရား ဘယ်ဆေးသောက်ရင် ပျောက်ပါသလဲ"လို့ မေးသတဲ့။ ဒီတော့ သူ့ဆရာအရှင်အနုရုဒ္ဓါက "အနဝတတ်အိုင်က ရေကိုသောက်လျှင် ဒီလေနာပျောက်တယ် ကိုရင်"လို့ မိန့်တော်မူတယ်။

"ဒါဖြင့် တပည့်တော်သွားပြီး ခပ်ပါ့မယ်ဘုရားလို့" လျှောက်တဲ့အခါ အရှင်အနုရုဒ္ဓါက "သင်စွမ်းနိုင်လျှင် သွားခပ်ပါ"လို့ အမိန့်ရှိသတဲ့။

အနဝတတ်အိုင်မှာ နဂါးမင်းကြီးရှိသတဲ့။ အဲဒီနဂါးမင်းရဲ့အမည်က "ပန္နဂ"တဲ့။ ကိုရင်သုမနဟာ ကောင်းကင်ခရီးက ဈာန်နဲ့ကြွသွားသတဲ့။ နဂါးကြီးနေတဲ့နေရာရောက်တော့ ရေအိုင်ထဲမှာ နဂါးမင်းကြီးဟာ နဂါးမကချေသည်တွေ ခြံရံပြီး ပျော်ရွှင်စွာ ရေကစားနေတာတွေ့ရသတဲ့။

နဂါးမင်းဟာ သူတို့အပေါ်မှာ ဝဲနေတဲ့ကိုရင်သုမနကိုမြင်တော့ သူ့ခြေမှုန့်တွေ အိုင်ပေါ်ကျကုန်ပြီအလွန်ရိုင်းတဲ့ ကိုရင်လေး ငါ့ရေအိုင်က ရေကိုလိုချင်

လို့ လာတာဖြစ်မယ်။ သူတောင်းရင် ငါမပေးဘူးလို့ ဆုံးဖြတ်ချက်ချထားသတဲ့။

ရေအိုင်ကြီးကိုလည်း သူရဲ့ကြီးမားလှတဲ့ နဂါးပါးပျဉ်ကြီးနဲ့ မမြင်နိုင်အောင် အုပ်ပြီးဖုံးထားတယ်။ ထမင်းအိုးကို ခွက်ကြီးနဲ့ ဖုံးထားသလိုပဲပေါ့။

ကိုရင်သုမနဟာ နဂါးကြီးတော့ စိတ်ဆိုးနေပြီ။ ငါအေးအေးဆေးဆေးပြောပြီး တောင်းရတော့မှာပဲ ဆိုပြီး ...

"ငါ့အား သောက်ရေတစ်အိုးပေးပါ နဂါးကြီး။ ငါ၏ ဆရာတော်လေနာလို့ဆေးအတွက် သင့်ရေအိုင်က သောက်ရေယူဖို့ လာခဲ့ရတယ်"လို့ ပြောလိုက်သတဲ့။ နဂါးကြီးက ...

"ကိုရင် မပေးနိုင်ဘူး။ ဂင်္ဂါမြစ်က ရေကို သွားခပ်"လို့ စိတ်ဆိုးဆိုးနဲ့ ပြောလိုက်သတဲ့။

"နဂါးမင်း၊ ဒီအိုင်ရေကိုပဲ ငါ ခပ်ယူလိုတယ်။ ဖယ်ပေးပါ။ ငါ့ကို မတားနဲ့။ သင်နဂါးမင်း အစွမ်းရှိသလောက် တားပေတော့။ ဒီအိုင်ကရေကိုတော့ ရတဲ့နည်းနဲ့ ခပ်ယူရမှာပဲလို့ ကိုရင်လေးသုမနက ပြောလိုက်သတဲ့။ နဂါးကြီးလည်း ဒေါသတွေထွက်ပြီး

"ကိုရင် သတ္တိရှိရင်အစွမ်းရှိရင် ငါ့အိုင်က ရေကိုခပ်လော့"လို့ ပြောလိုက်သတဲ့။

ဒီအခါမှာ ကိုရင်လေးသုမနဟာ ရေကို မခပ်သေးဘဲ နတ်မင်းတွေကို သူနဲ့နဂါးမင်း စစ်ခင်းတော့မယ်။ လာကြည့်လှည့်ကြပါလို့ ဖိတ်ခေါ်သတဲ့။ ဒါကြောင့် ရေအိုင်ပတ်ဝန်းကျင် ကောင်းကင်မှာ နတ်တွေဝိုင်းအုံကြည့်ကြသတဲ့။

"ကိုရင် သုမန ရဲရင့်တဲ့ သတ္တိစွမ်းရည်ရှိရင် ရေအိုင်မှရေကို ခပ်ယူလော့"လို့ စိန်ခေါ်တဲ့ နဂါးမင်းရဲ့စကားကို နတ်အပေါင်းကြားကြသတဲ့။

"စိတ်ချ နဂါးမင်း၊ ကျုပ် ယူမှာပါ"လို့ ကိုရင်လေးကပြောပြီး သူ့ကိုယ်သူ အလွန်ကြီးမားလှတဲ့ ဗြဟ္မာကြီး ကိုယ်လုံးဖန်ဆင်းလိုက်သတဲ့။ ကောင်းကင်ကနေ တဖြည်းဖြည်း ဆင်းလာသတဲ့။ နဂါးကြီးကလည်း သူ့ရဲ့ ပါးပျဉ်းကြီးနဲ့ ရေအိုင်ကို ဖုံးအုပ်ထားသတဲ့။ အဲသလို ဖုံးထားကွယ်ထားတဲ့ နဂါးမင်းကြီးရဲ့ ပါးပျဉ်းကြီးကို ကိုရင်သုမန ဖန်ဆင်းထားတဲ့ ဗြဟ္မာကြီးခြေထောက်နဲ့ ဖိနင်းချလိုက်သတဲ့။ နဂါးမင်းကြီးဟာ ကိုရင်လေးကို မော့တောင် မကြည့်ဝံ့ဘူး။ ကိုရင်သုမန ကိုယ်လုံးကြီးနဲ့ ဖိနင်းချလိုက်တော့ နဂါးမင်းရဲ့ ပါးပျဉ်း

ဟာ အဖုအဖု အလုံးအလုံးတွေဖြစ်ပြီး ပေါက်ပြကုန်တယ်။ အဲဒီကြားထဲကနေ ရေတွေ ကောင်းကင်ကို ပန်းထွက်ကုန်တယ်။ ကိုရင်သုမနဟာ ပန်းထွက်လာတဲ့ ရေကို အိုးနဲ့အပြည့်ခံယူပြီး ပျောက်ကွယ်သွားတယ်။ တန်ခိုးနဲ့ သူ့ဆရာတော်နေတဲ့ တောရကျောင်းကို ပြန်ကြွသွားသတဲ့။ နတ်တွေက နဂါးကြီးနိုင်တဲ့ ကိုရင်သုမနကို ကောင်းချီးသြဘာပေးသတဲ့ကွယ်။

❑ ❑ ❑

## မိဝေးဖဝေး ငုံးကလေး

ရှေးရှေးတုန်းက တောကြီး တစ်တောမှာ ငုံးသားအမိနေကြသတဲ့။ တစ်ခုသော နွေအခါမှာ တောမီးကြီး လောင်ပါရောတဲ့။ တောမီးကြီး တောက်လောင်တဲ့အခါ အလွန်ပူပြင်းတဲ့အတွက် ငုံးငယ်လေးရဲ့ ဖခင်ငုံးနဲ့ မိခင်ငုံးတို့ဟာ တောမီးလွတ်ရာသို့ ပျံသန်းပြေးကြပါသတဲ့။ မွေးဖွားခါစ ငုံးကလေးခမျာ မိခင်ဖခင် ငုံးငှက်များလို ဘေးလွတ်ရာကို မရှောင်တိမ်းနိုင်ဘဲ မိမိအသိုက်အမြုံ

လေးထဲမှာပဲ နေရစ်ခဲ့ရတယ်။ တောမီးကြီးကလည်း မီးဟုန်းဟုန်းနဲ့ တောက်လောင်ပြီး ငုံးငှက်ကလေးနဲ့ တဖြည်းဖြည်း နီးကပ်လာပါသတဲ့။ ငုံးငှက်ကလေးဟာ မွေးကင်းစအရွယ်ဖြစ်လို့ အတောင်ပံက မကြီးရင့်သေးတော့ ထွက်ပြေးနိုင်လောက်အောင် ခြေနှစ်ချောင်းကလည်း မသန်စွမ်းသေး၊ ပျံသန်းနိုင်အောင် ကူညီဖေးမမယ့် ငုံးမိငုံးဖနှစ်ပါးကလည်း မီးနဲ့ဝေးရာကို ပျံသန်းကုန်ကြပြီ။

ငုံးကလေးက "ငါ့မှာ ကိုးကွယ်ရာ မရှိတော့ပါလား။ ဘယ်လိုသေဘေးက လွတ်အောင်ကြံရပါ့မလဲ" လို့ စဉ်းစားတွေးတောနေသတဲ့။ ဒီလိုနဲ့တောမီးတွေကလည်း ကြောက်မယ်ဖွယ် တစ်တောလုံး လောင်ကျွမ်းနေသတဲ့။ နောက်ဆုံးတော့ ငုံးကလေးဟာ အကြံရပြီး ခုလို သစ္စာစကား ဆိုသတဲ့။

"တစ်တောလုံး ဟုန်းဟုန်းတောက်

လောင်နေသော အို... တောမီး ... ကျွန်တော့်မှာ ပျံရန် အတောင်များရှိပါသည်။ နုနယ်သေးကွေး ငယ်ပါသေး၍ တောမီးလွတ်ရာသို့ မပျံပြေးနိုင်ပါ။

အို တောမီး...ကျွန်တော့မှာ သွားရန်အကြောင်း ခြေနှစ်ချောင်းလည်းရှိပါသည်။နုနယ်သေးကွေးငယ်ပါသေး၍ မပြေးနိုင်ပါ။

အို တောမီး...ကျွန်တော့်မှာ မိရင်းဖရင်း ငုံးမင်းနဲ့ ငုံးမိခင်နှစ်ပါးရှိပါငြားလည်း အသက်ဘေးကြောင့် မီးဝေးရာသို့ ပျံပြေးကုန်ကြပါပြီ။

တစ်လောလုံးကို တောက်လောင်ဝါးမျိုနေသော အို တောမီး... ငါ့အနားမှာ ဝေးစွာ ရှောင်ရှား ဖယ်ခွာသွားပါလော့"

အဲသလို ငုံးငှက်လေးဟာ သစ္စာပြုပြီး မှန်တဲ့စကားကို ဆိုလိုက်သတဲ့။ ငုံးကလေးရဲ့ သစ္စာစကားကြောင့် ပြင်းထန်စွာ တောက်လောင်နေတဲ့

တောမီးကြီးဟာ ရေထဲကို ပစ်ချလိုက်တဲ့ မီးစလို တစ်ခဏအတွင်းမှာ ငြိမ်းသွားသတဲ့။ မိဝေးဖဝေး ငုံးငှက်ကလေးလည်း မီးဘေးကင်းလွတ်ပြီး အသက်ချမ်းသာရာရသွားသတဲ့ကွယ်။

ကလေးတို့လည်း ငုံးငှက်ကလေးလို မှန်သော စကားဆိုကြပါ။ လိုရာဆန္ဒပြည့်ဝပါလိမ့်မယ်။

❑ ❑ ❑

## မောင်သန်လျင်

ရှေးရှေးတုန်းက ကြခတ်ဝါးရုံမြို့ကလေးမှာ မွန်မင်းသမီးတစ်ပါးဟာ အပျိုတော်များနဲ့အတူ နေသတဲ့။ မင်းသမီးနဲ့ အပျိုတော်ကလေးများသာ နေကြတဲ့အတွက် မိုးပေါ်က သိကြားမင်းကြီးက စိတ်မချဘူးတဲ့။ မင်းသမီးလေးကို သိကြားမင်းက ဟင်္သာရုပ် တစ်ရုပ်နဲ့စည်တော်ကြီးတစ်လုံး ပေးထားတယ်။

ရန်သူတွေလာရင် ဟင်္သာရုပ်ကိုလက်ဖြင့် သပ်လိုက်ရင် ဟင်္သာရုပ်ကြီးက အသက်ဝင်လှုပ်ရှားလာပြီး ကြခတ်ဝါးရုံမြို့ကို ချီမယူပြီး ကောင်းကင်ပေါ် ပျံတက်သွားပါသတဲ့။ စည်ကြီးကို တီးလိုက်ရင် သမုဒ္ဒရာရေတွေ တက်လာပြီး ရန်သူတွေကို ရေနစ်စေသတဲ့။ ဒါ့ကြောင့် မင်းသမီးလေးဟာ ဘေးမရှိ ရန်မရှိငြိမ်းချမ်းစွာ နေရသတဲ့။

ထိုအခါ ဒလတောကြီးတန်းမှာ မောင်သန်လျင်ဆိုတဲ့ လူစွမ်းကောင်းတစ်ယောက်ရှိသတဲ့။ မောင်သန်လျင်ဟာ အလွန်ပဲ ခွန်အားကြီးသတဲ့။ တောဝက်ကြီးတွေ၊ တောထဲက ကျားကြီးတွေ၊ တောထဲက ဆင်ကြီးတွေကိုတောင် နှိမ်နင်းနိုင်စွမ်း ရှိသတဲ့။

တစ်နေ့မှာ အလွန်ကြီးတဲ့ ဝက်ပျံကြီးတစ်

ကောင်ဟာ ဉယျာဉ်လယ်ယာတွေမှာ စိုက်ပျိုးထားတဲ့ ဟင်းသီးဟင်းရွက်တွေ ကောက်ပဲသီးနှံတွေကို စား သောက်ဖျက်ဆီးသတဲ့။ တောင်သူလယ်သမားတွေဟာ အလွန်ကြောက်လန့်ပြီး စိတ်အပျက်ကြီး ပျက်နေကြရ သတဲ့။

အလွန်ဆိုးတဲ့ ဝက်ပျံကြီးအကြောင်းကို မောင် သန်လျင်ကြားတဲ့အခါ လက်နက်လေးမြား မပါ၊ လက်ရုံးကို အားကိုးပြီး ဝက်ပျံကြီးနဲ့ တိုက်ခိုက်သတဲ့။ ဝက်ပျံ ကြီးဟာ မောင်သန်လျင်ရဲ့ စွမ်းရည်သတ္တိကို မခုခံနိုင်ဘဲ သေပွဲဝင်သွားပါရောတဲ့။ ဝက်ပျံကြီးရဲ့ မာန်စွယ်ကို မောင်သန်လျင်ယူပြီး အသားကို တောရွာ သူရွာသား တွေကို ဝေငှပေးလိုက်သတဲ့။

ဝက်ကြီးမာန်စွယ်ကို ရတဲ့နေ့ကစပြီး မောင် သန်လျင်ဟာ တန်ခိုးပိုကြီးလာသတဲ့။ မောင်သန်လျင် ဟာ ကြခတ်ဝါးရုံမြို့က မင်းသမီးလေး အလွန်ချော မောလှပကြောင်း ကြားရတော့ မြို့ကို တိုက်ခိုက်သိမ်း ယူဖို့ ကြံစည်သတဲ့။

မောင်သန်လျင်ဟာ ပဲခူးမြို့၊ ဇလဲထော်ချောင်း ကိုသွားပြီး ရွှေခဲတွေကို ကောက်ယူသတဲ့။ ကြခတ်ဝါး ရုံ မင်းသမီးလေးရဲ့အထိန်းတော်ကြီးကို ရွှေခဲတွေ ပေး သတဲ့။ ဟသ်ာရုပ်ကို ဖျက်လိုက်ပါ။ စည်တော်ကြီးကို လည်း ဖောက်လိုက်ပါလို့ ပြောသတဲ့။ အထိန်းတော်

ကြီးလည်း ရွှေခဲတွေရတာနဲ့ ဟင်္သာရုပ်ကိုလည်း ဖျက်၊ စည်တော်ကြီးကိုလည်း ဖောက်လိုက်သတဲ့။

မောင်သန်လျင်ဟာ ရွှေခဲရွှေတုံးတွေကို ကြခတ်ဝါးတောထဲ အနံ့အပြား ကြဲပစ်သတဲ့။ လူတွေဟာ ရွှေခဲရွှေတုံးတွေကို ကောက်ယူဖို့ ဝါးပင်တွေကို ခုတ်ကြသတဲ့။ မြို့ကိုရံထားတဲ့ ကြခတ်ဝါးတောကြီး ရှင်းသွားပြီး မြို့တွင်းကို အလွယ်တကူဝင်နိုင်သတဲ့။ မောင်သန်လျင်ဟာ ကြခတ်ဝါးရံမြို့ကို သိမ်းပိုက်လိုက်သတဲ့။ နန်းတော်ထဲဝင်ပြီး မင်းသမီးကို ဆောင်ယူဖို့လာခဲ့ပေမယ့် မင်းသမီးကလေး ပျောက်နေသတဲ့။ နန်းတွင်းမှာလည်းမတွေ့၊ နန်းတော်အပြင်ဘက်မှာ ရှာလည်း မင်းသမီးလေးကို မတွေ့ရဘူးတဲ့။ ဒီတော့ အကြံရကျနေတဲ့ မောင်သန်လျင်ဟာ အထိန်းတော်ကြီးကို မေးရသတဲ့။ မင်းသမီးလေး ဘယ်မှာလဲ။ အထိန်းတော်ကြီးက …

"နန်းတော်ဥယျာဉ်ထဲမှာ ကျောက်ရုပ်တစ်ရာ ကျော်ရှိတယ်။ အဲဒီကျောက်ရုပ်တစ်ရာကြားမှာ မင်းသမီးလေးရှိပါတယ်။ ရှာကြည့်ပါ" လို့ ပြောသတဲ့။

မောင်သန်လျင်လည်း ကျောက်ရုပ်တစ်ရာကြားမှာ မင်းသမီးလေးကို ရှာပေမယ့် ဘယ်လိုမှ မတွေ့ဘူးတဲ့။ ကျောက်ရုပ်တွေက တစ်ခုနဲ့တစ်ခု အလွန်တူသတဲ့။ မောင်သန်လျင်က အထိန်းတော်ကြီး

ကိုခေါ်ပြီး မေးပြန်သတဲ့။ "ကျောက်ရုပ်များကို လက်နဲ့စမ်းကြည့်ပါ။ နွေးနေတဲ့ အရုပ်ဟာ မင်းသမီးလေး ဖြစ်လိမ့်မယ်"လို့ ပြောသတဲ့။

မောင်သန်လျင်လည်း ကျောက်ရုပ်တွေကို တစ်ရုပ်ပြီးတစ်ရုပ် လက်နဲ့စမ်းသပ်ကြည့်သတဲ့။ နွေးနေတဲ့ ကျောက်ရုပ်ကိုတွေ့တဲ့အခါ မင်းသမီးလေးကို ပွေ့ချီပြီး နန်းတော်ထဲ ခေါ်သွားပါရောတဲ့။

မောင်သန်လျင်ဟာ သက်ကြီးဝါကြီး ပညာရှိကြီးများနဲ့ တိုင်ပင်ပြီး မြို့တည်ရန် နေရာရှာသတဲ့။ ခြင်္သေ့ရုပ်ပုံဖြစ်နေတဲ့ သီဟဒီပခေါ်တဲ့ ကျွန်းကလေးကို တွေ့သတဲ့။ အဲဒီကျွန်းပေါ်မှာ ကျုံးတွေတူး၊ မြို့ရိုးဖို့၊ နန်းတော်ကြီးတည်ဆောက်သတဲ့။ မင်းသမီးလေးကို မိဖုရားမြှောက်သတဲ့။ မင်းသမီးလေးကို မိဖုရားမြှောက်ပြီး နန်းတက်တော်မူသတဲ့။ အဲဒီမြို့ကို မောင်သန်လျင် တည်ထောင်တာကြောင့် သန်လျင်မြို့လို့ ယနေ့ထက်တိုင်ခေါ်ကြသတဲ့ကွယ်။ ကလေးတို့ ရန်ကုန်မြို့ တစ်ဖက်ကမ်းမှာရှိတဲ့ သန်လျင်မြို့ကို ရောက်ဖူးမှာပေါ့။ အဲဒီမြို့ကို မောင်သန်လျင်မင်းကြီး တည်ထောင်ခဲ့တယ်ဆိုတာ ကလေးတို့ ဗဟုသုတအဖြစ် မှတ်ထားကြပေါ့ကွယ်။

❑ ❑ ❑

## ဖူးစာရှင် ဘယ်သူလဲ

ဟိုရှေးရှေးတုန်းက တိုင်းပြည်တစ်ပြည်မှာ သူဌေးကြီးတစ်ဦးရှိသတဲ့။ သူဌေးကြီးမှာ အလွန်လှပချောမောတဲ့ သမီးလေးရှိသတဲ့။ သမီးလေးရဲ့ လှပချောမောတဲ့ သတင်းဟာ ရပ်ဝေးရပ်နီးကျော်ကြားသတဲ့။

တစ်နေ့မှာ သူဌေးသားသုံးဦးဟာ သူဌေးကြီးအိမ်ကို ရောက်လာကြသတဲ့။ သူဌေးကြီးရဲ့ သမီးလေးကို မေတ္တာရှိတဲ့အကြောင်း၊ လက်ထပ်ထိမ်းမြားလိုကြောင်း တောင်းဆိုကြသတဲ့။ သူဌေးကြီးက လူငယ်သုံးဦးကို သမီးနဲ့ လက်ထပ်ပေးမယ်လို့” ပြောလိုက်ပါသတဲ့။

လူငယ်သုံးဦးဟာ သူဌေးသမီးလေးကို အလွန်ပဲ မေတ္တာရှိကြပါတယ်။ ချစ်ခင်မြတ်နိုးကြပါတယ်။ ဒါကြောင့် လူငယ်သုံးဦးဟာ သူဌေးကြီးအိမ်မှာနေပြီး အိမ်မှုကိစ္စအဝဝကို လုပ်ကိုင်ဆောင်ရွက်ပေးပါသတဲ့။ သူဌေးကြီးကလည်း၊ လူငယ်သုံးဦးရဲ့ မေတ္တာကြီးမားပုံ၊ လုပ်ရည်ကိုင်ရည် ကောင်းမွန်ပုံ၊ သမီးလေးအပေါ် သစ္စာရှိရှိ အချိန်စောင့်ပုံတို့ကို သဘောကျသတဲ့။ ဒီလိုနဲ့ တစ်နှစ်ပြီးတစ်နှစ် အချိန်တွေ ကုန်လွန်ခဲ့ပြီး သုံးနှစ်ဆိုတဲ့အချိန်ကာလကို ရောက်ခဲ့ပါသတဲ့။

ဒါပေမဲ့ လူငယ်သုံးဦးအတွက် ကံဆိုးမိုးမှောင်ကျပါတော့တယ်။ သုံးနှစ်ပြည့်တဲ့အချိန်မှာ ချစ်မြတ်နိုးဖွယ်ကောင်းတဲ့ သူဌေးသမီးလေးဟာ ဆုံးပါးသွားရှာသတဲ့။ ဖခင်သူဌေးကြီးဟာ တစ်ဦးတည်းသော သမီးအတွက် ရတက်မအေး ပူဆွေးရသလို လူငယ်သုံးဦးဟာလည်း ကြေကွဲဝမ်းနည်း ငိုကြွေးကြသတဲ့။

လူငယ်တစ်ဦးက သူဌေးကြီးထံမှာ သူ့ကို ရသေ့ဝတ်ခွင့်ပြုပါလို့ ခွင့်တောင်းသတဲ့။ သူဌေးကြီးက ခွင့်ပြုပါတယ်။ အဲဒီလူငယ်လေးဟာ တောထဲကိုသွား တရားကျင့်ကြံအားထုတ်သတဲ့။

ဒုတိယလူငယ်လေးကတော့ သူဌေးကြီးထံ ခွင့်ပန်တောင်းဆိုသတဲ့။ သမီးလေးကို မီးသဂြိုဟ်ပြီး

ရင် အရိုးစလေးတစ်ခုကို သူ့လည်ပင်းမှာ ကြိုးတပ်ဆွဲထားပါရစေလို့ ခွင့်ပန်သတဲ့။ သူဌေးကြီးလည်း လူငယ်ကို ကြည်ကြည်သာသာ ခွင့်ပေးလိုက်ပါတယ်။

တတိယလူငယ်လေးကတော့ သမီးတော်လေးမီးသဂြိုဟ် မြေမြှုပ်ရာ သင်္ချိုင်းမြေမို့မို့ကလေးမှာ ထာဝရစောင့်ရှောက်ပါရစေလို့ သူဌေးကြီးထံမှာ ခွင့်တောင်းသတဲ့။ အချစ်ကြီးလှတဲ့ လူငယ်လေးကို သူဌေးကြီးဟာ လွန်စွာ ကရုဏာသက်ပြီး စောင့်ပါမောင်ရယ်လို့ ခွင့်ပြုလိုက်သတဲ့။

တောထဲမှာ တရားကျင့်နေတဲ့ ရသေ့လူငယ်လေးဟာ တရားထိုင်ပေမယ့် မင်းသမီးလေးကို လွမ်းတဲ့စိတ်နဲ့ မျက်ရည်ကျသတဲ့။ အဲဒီတောထဲမှာ ရသေ့လူငယ်နဲ့ ဟိုဘဝက သူငယ်ချင်းတော်ဖူးတဲ့ ဇော်ဂျီက ရသေ့လေးကို ကိုယ်ထင်ပြပြီး "တရားထိုင်ရင်း ဘာကြောင့် ငိုနေရသလဲ" လို့ မေးသတဲ့။ ရသေ့လေးက သူ အလွန်မေတ္တာရှိခဲ့တဲ့ သူဌေးသမီးလေး ကွယ်လွန်ခဲ့လို့ နေ့စဉ်လွမ်းဆွတ်နေရတဲ့အကြောင်း တင်ပြလိုက်သတဲ့။

ဇော်ဂျီက "ရှော့… ဟောဒီ နတ်ရေစင်ကို ယူသွား၊ ကွယ်လွန်သွားတဲ့ သူဌေးသမီးလေးရဲ့ မြေပုံနေရာမှာ ပက်ဖျန်းလိုက်ပါ။ မင်းမေတ္တာရှိတဲ့ သူဌေး

သမီးလေး အသက်ရှင်လာလိမ့်မယ်လို့ပြောပြီး နတ်ရေစင်ပေးလိုက်သတဲ့။

ရသေ့လေးလည်း ဝမ်းသာအားရ နတ်ရေစင်ကိုယူပြီး သူဌေးကြီးထံသွားသတဲ့။ အကျိုးအကြောင်းသိရတော့ သူဌေးကြီးက သမီးရဲ့အရိုးကို ဆွဲကြိုးလုပ်ပြီး လည်ပင်းမှာ ဆွဲထားတဲ့ လူငယ်ထံခေါ်သွားသတဲ့။ လူငယ်နှစ်ဦးရယ်၊ သူဌေးကြီးရယ် သုံးဦးဟာ သချိုင်းကိုသွားကြသတဲ့။

သချိုင်းမြေပုံကိုစောင့်နေတဲ့ လူငယ်နဲ့တွေ့တော့ အကျိုးအကြောင်း ပြောပြတယ်။

ဒီလိုနဲ့ သူဌေးသမီးလေးရဲ့ အရိုးကိုမြေပုံပေါ်တင်၊ ပြီးတော့ နတ်ရေစင်ပက်ဖျန်းလိုက်တော့ သူဌေးသမီးလေးဟာ လှပစွာ အသက်ရှင်လာသတဲ့။

သမီးလေးကို မြင်လိုက်ရတော့ သူဌေးကြီးဟာ ဝမ်းသာလွန်းလို့ မျက်ရည်စို့ရှာတယ်။ လူငယ်သုံးဦးဟာလည်း သူတို့အလွန်ချစ်မြတ်နိုးလှတဲ့ မိန်းကလေး အသက်ရှင်လာတာ မြင်လိုက်ရတော့ ပြောမပြနိုင်အောင် ဝမ်းသာကြသတဲ့။

ပြဿနာက ခုမှစပါတယ်။ နတ်ရေစင်ယူလာတဲ့ ရသေ့လေးက သူသာ သူဌေးသမီးကို ရသင့်တယ်လို့ ပြောပါသတဲ့။ အရိုးကို ဆွဲကြိုးလုပ်ဆွဲထားတဲ့

လူငယ်ကလေးလည်း သူ့အရိုးကြောင့် မင်းသမီးလေး ပြန်ရှင်လာတာ၊ သူပဲရသင့်တယ်လို့ ပြောပြန်သတဲ့။ သချိုင်းမြေမှာ အမြဲစောင့်နေတဲ့ လူငယ်ကလည်း သူသာ မင်းသမီးလေး မြှုပ်တဲ့နေရာမှန်ကို ပြနိုင်လို့ သူသာ သူဌေးသမီးလေးကို ရသင့်တယ်လို့ ပြောသတဲ့။

သူဌေးကြီးလည်း လူငယ်သုံးဦးထဲက ဘယ်သူဟာ သမီးလေးရဲ့ ဖူးစာရှင်ဖြစ်သင့်တယ်ဆိုတာ မဆုံးဖြတ်နိုင်ဘဲ ဖြစ်နေတယ်။ နောက်ဆုံးတော့ အဆုံးအဖြတ်ပေးနိုင်မယ့် သုဓမ္မာစာရီတရားသူကြီးထံသွားကြတယ်။ တရားသူကြီးက ခုလို ဆုံးဖြတ်လိုက်တယ်။

ရသေ့ဖြစ်သူဟာ တရားကျင့်ကြံအားထုတ်သွားတဲ့အတွက် သူ့ဘဝမှာ ကုသိုလ်ရပါတယ်။ ဒုတိယလူငယ်ကလေးကတော့ အရိုးလေးကို ဆွဲကြိုးလုပ်ပြီး လည်မှာဆွဲထားပေမယ့် သူ့မိဘများ၊ ဆွေမျိုးသားချင်းများ၊ မိတ်ဆွေများက သူ့ကို ဝိုင်းပယ်မထားဘူး၊ မိတ်မပျက် ဆွေမပျက် လူ့အသိုင်းအဝိုင်းမှာ ဝင်ဆံ့ပါသေးတယ်။

ဒါပေမဲ့ တတိယလူငယ်လေးကတော့ သချိုင်းမှာနေ၊ ချစ်သူမိန်းကလေးရဲ့ မြေပုံကိုအမြဲစောင့်ရှောက်နေရတော့ သူ့ကို အသိုင်းအဝိုင်း မိဘဆွေမျိုး၊ မိတ်ဆွေအပေါင်းအသင်းတွေက ဝိုင်းပယ်ထားကြတယ်။

ဒါကြောင့် မိန်းကလေးအတွက် အနစ်နာအခံရဆုံး လူငယ်လေးကသာ သူဌေးသမီးလေးကို ရသင့်တယ်လို့ ဆုံးဖြတ်လိုက်သတဲ့။

သူဌေးသမီးလေးဟာ တတိယလုလင်ပျိုနဲ့ ထိမ်းမြားပြီး ရာသက်ပန်ပျော်ရွှင်စွာ နေသွားပါသတဲ့။

❑ ❑ ❑

## အဝမ်း

ဟိုးရှေးရှေးတုန်းက အဝမ်းလို့ခေါ်တဲ့ တရုတ်ကလေးတစ်ယောက်ရှိသတဲ့။ အဝမ်းဟာ ဖခင်ရဲ့ လယ်လုပ်ငန်းမှာ ကူညီရပါတယ်။ စပါးပင်တွေကြားမှာ ပေါက်နေတဲ့ မြက်တွေကို နုတ်ရတယ်။ စပါးနှံတွေ၊ စပါးတွေ သီးလာတဲ့အခါ ငှက်တွေကို ခြောက်လှန့်ရတယ်။

အဝမ်းဟာ လယ်တောမှာနေရတာ အလွန်ပျော်သတဲ့။ ကြိုးကြာငှက်ကြီး ခြေတစ်ချောင်းထောက်ပြီး ရပ်နေတာကိုမြင်ရတော့ သူအလွန် သဘောကျမိတယ်။ တစ်ခါတစ်ရံ ခေါင်းပေါ်က ပျံသန်းသွားတဲ့ငှက်အုပ်ကိုကြည့်ရတာ သူအလွန်ပျော်မိသတဲ့။ နေပူထဲမှာတစ်နေကုန်နေရပေမယ့် အဝမ်းပျော်ပါတယ်။ နေအမြဲပူမှာကိုတော့ အဝမ်းမကြိုက်ပါ။ စပါးပင်တွေ ခြောက်နွမ်းသေမှာကို အဝမ်းစိုးရိမ်ပါသတဲ့။

တစ်နှစ်မှာ မိုးခေါင်ပြီး မိုးရေမရတာကြောင့် စပါးပင်တွေ ပျက်စီးကုန်သတဲ့။ အဲဒီနှစ်မှာ အဝမ်းတို့မိသားစုအတွက် ဝမ်းစာမရ။ နောက်တစ်နှစ်မှာလည်း မိုးမရွာလို့ စပါးမစိုက်နိုင်၊ အဝမ်းရဲ့ အဖေဟာ မှိုင်နေသတဲ့။ အဝမ်းရဲ့ အမေကတော့ ငိုနေသတဲ့။

အဝမ်းတို့အိမ်မှာ ဝမ်းစာမလုံလောက်လို့ ထမင်းဝအောင် မစားနိုင်။ မိမိထမင်းဝအောင် မစားရသည်ထက် မိဘနှစ်ပါးမျက်နှာ မကောင်းကြသည်ကို မြင်ရသဖြင့် အဝမ်းပိုပြီး စိတ်ထိခိုက်မိပါသတဲ့။ "မြို့တက်ပြီး အလုပ်ရှာမယ်။ ရတဲ့ငွေနဲ့ အဖေနဲ့အမေတို့ကို အစားအစာဝအောင် ကျွေးမယ်လို့ အဝမ်းစိတ်ကူးမိသတဲ့။ သူ့စိတ်ကူးကို ဖခင်ဖြစ်သူအား ပြောပြသတဲ့။

"ငါ့သား မြို့က၊ ရွာကနေ မိုင်ငါးဆယ်လောက် ဝေးတယ်။ မင်းမြို့ရောက်အောင် လျှောက်မသွားနိုင်ဘူး။ မြို့ရောက်ရင် လမ်းမသိတဲ့ မင်းလိုကလေးလို ဘယ်သူက အလုပ်ပေးမှာလဲ"လို့ ဖခင်က တားမြစ်ပြောဆိုသတဲ့။ နေ့တိုင်းနေ့တိုင်း မြို့ကိုသွားပြီး အလုပ်လုပ်ပါရစေလို့ တောင်းပန်တာနဲ့ ဖခင်ဟာ အဝမ်းကို ခွင့်ပြုလိုက်ပါသတဲ့။

အမေက အဝမ်းလမ်းမှာစားဖို့ စားစရာတွေပေးလိုက်တယ်။ ရှပ်အင်္ကျီအကောင်းတစ်ထည်၊ ဘောင်းဘီနှစ်ထည် ပေးလိုက်သတဲ့။

နောက်တစ်နေ့ နံနက်စောစောထပြီး အထုပ်အပိုးပြင်၊ အဝမ်းအိမ်မှ ထွက်ခွာခဲ့သတဲ့။ အဝမ်းဟာ မြက်ဦးထုပ်ကို ဆောင်းထားတယ်။ ဖိနပ်အပိုတစ်ရန်ကိုလည်း လက်တစ်ဖက်မှာ ကိုင်ထားတယ်။ အဝတ်ထုပ်ငယ်ကို တုတ်လျှိုပြီး ပခုံးပေါ်မှာထမ်းလို့ ခရီးလမ်းတစ်လျှောက် ပျော်ပျော်ရွှင်ရွှင် လျှောက်လှမ်းခဲ့ပါတယ်။

ဒါပေမဲ့ နေကတော့ ခါးတိုင်းထက်ပိုပြီး ပူပြင်းလှတယ်။ လမ်းခရီးမှာ အဝမ်းလိုပဲ အထုပ်တစ်ခုထမ်းလာတဲ့ အဘိုးအိုတစ်ယောက်ကို တွေ့ရသတဲ့။ အဘိုးအိုဟာ အသက်ကလည်းကြီး၊ ခရီးလည်း အလွန်

ပန်းလာပုံရပါတယ်။ အဝမ်းဟာ အဘိုးအိုကို မီလာတဲ့ အခါ အဘိုးအိုခများ ညည်းတွားနေတာကို ကြားရသတဲ့။

"အဘိုး၊ ကျွန်တော့်ကို အထုပ်ပေးပါ။ ကျွန်တော် ကူပြီးထမ်းပေးပါ့မယ်"

"အဘိုးအထုပ်က မင်းအထုပ်ထက် လေးတယ်။ မင်းမှာလည်း အထုပ်တစ်ခု ထမ်းနေရသေးတယ်မဟုတ်လား"

"ရပါတယ် အဘိုးရယ်။ အဘိုးအထုပ်ကို ပေးပါ။ ကျွန်တော့်အထုပ်က ပေါ့ပေါ့လေးပါ"

အဝမ်းဟာ အဘိုးအိုရဲ့အထုပ်ကိုပါ ထမ်းပြီး သွားသတဲ့။

မကြာမီ ကောင်းကင်မှာ လျှပ်စီးလက်ပြီး မိုးခြိမ်းသတဲ့။ အဝမ်းဟာ မိုးခြိမ်းသံကြားရလို့ ကြောက်လန့်ပြီး မြေပြင်မှာ ဝပ်နေသတဲ့။

"ဟေ့ သူငယ်ဘာဖြစ်လို့ ဝပ်နေတာလဲ"

"ကျွန်တော် ကြောက်လို့ပါ အဘိုး"

"မင်း ဘာမှ မကြောက်နဲ့၊ မိုးပေါ်မှာ ငါ့ နဂါးတွေ ရန်ဖြစ်နေကြတာပါ။ ကြောက်စရာ မဟုတ်ပါဘူး"

"အဘိုးရဲ့ နဂါးတွေ၊ ဟုတ်လား။ ဘိုးက ဘယ်သူလဲ ခင်ဗျာ"

"ငါက ဝိဇ္ဇာကွ၊ အိုမင်းမစွမ်းရှိတဲ့သူတွေ ကူညီတတ်တဲ့ မင်းလိုကလေးတွေကို လိုက်ရှာနေတာ၊ လာလိုက်ခဲ့။ ငါ့နဂါးတွေ မင်းကိုပြမယ်" အဲသလိုပြော ပြီး အဘိုးအိုဟာ မိုးကောင်းကင်ကို တဖြည်းဖြည်း တက်သွားတယ်။ အဝမ်းလည်း အဘိုးအိုနဲ့အတူ မြေကြီး ကတဖြည်းဖြည်း ကြွတက်လာပြီး လေပေါ်ပျံဝဲနေ သတဲ့။

မိုးပေါ်ရောက်တော့ အလွန်ကြီးတဲ့ ရေစည် ပိုင်းကြီးနှစ်ခုကို တွေ့ရသတဲ့။ စည်ပိုင်းကြီးတွေထဲမှာ နဂါးနှစ်ကောင်ရှိသတဲ့။ စည်ပိုင်းထဲက နဂါးနှစ်ကောင် ဟာ တစ်ကောင်နဲ့တစ်ကောင် မာန်စောင်ပြီး ကြောက် မက်ဖွယ် အသံကျယ်ကြီးနဲ့ အော်ဟစ်နေကြသတဲ့။

အဘိုးအိုရဲ့ အသံကိုလည်းကြားရော အော် ဟစ်နေကြတဲ့ နဂါးနှစ်ကောင်ဟာ ငြိမ်သွားကြသတဲ့။

"မင်းတို့ဘာဖြစ်လို့ ရန်ဖြစ်နေကြတာလဲ"

"ကျွန်တော်က ရှင်ဘုရင်ကြီးရဲ့ ဥယျာဉ်ပေါ် ကို မိုးရွာချချင်တယ်။ သူက အမတ်ကြီးရဲ့ ဥယျာဉ် ပေါ်ကို မိုးရွာချချင်တယ်လို့ ပြောနေတယ်။ ဒါနဲ့

ကျွန်တော်တို့ စကားများပြီး ငြင်းခုံနေကြတာပါ”လို့ နဂါးတစ်ကောင်က အဘိုးအိုကို ပြန်ပြောသတဲ့။

မိုးရွာချမယ်ဆိုတဲ့ အသံကိုလည်းကြားရော အဝမ်းဟာ ဖခင်ရဲ့လယ်ကို ချက်ချင်းသတိရသွားသတဲ့။ “ငါ့ဖခင်ရဲ့ လယ်ကွင်းပေါ်ကို မိုးရွာချလိုက်ရင် ဘယ်လောက်ကောင်းမလဲ” လို့ တွေးမိသတဲ့။ ဝိဇ္ဇာအဘိုးအိုက ...

“ဟေ့ အဝမ်း၊ မင်းဘယ်နေရာကို မိုးရွာစေချင်သလဲ”

“ကျွန်တော့်ဖခင်ရဲ့ လယ်ပေါ်ကို ရွာချစေချင်ပါတယ် အဘိုး”လို့ ပြောလိုက်သတဲ့။

“ဒါဖြင့် မင်းဟိုစည်ပိုင်းကြီးထဲဝင်ပြီး ကြိုက်တဲ့နေရာပေါ်ကို လက်နဲ့ ရေတွေ ပက်ချလိုက်ပေတော့”

အဝမ်းဟာ ရေစည်ပိုင်းထဲဝင်၊ အောက်ကို ငုံ့ကြည့်လိုက်သတဲ့။ မြေပြင်ပေါ်က လယ်ကွက်တွေက အဝါရောင်လက်ကိုင်ပဝါကလေးများ ဖြန့်ခင်းထားသလို မြင်ရသတဲ့။ အဝမ်းဟာ သူ့ဖခင် လယ်ကွက်များအပေါ် စည်ပိုင်းကြီးထဲက ရေတွေကို လက်နှစ်ဖက်နဲ့ အားရပါးရ ပက်ချသတဲ့။ မကြာမီ ဖခင်ရဲ့ လယ်ကွက်ပေါ်ကို မိုးတွေ ရွာကျလာသတဲ့။ ဝါနေတဲ့ လယ်ကွက်တွေဟာ စိမ်းစိုလာတာကို မိုးပေါ်က လှမ်းမြင်ရသတဲ့။

ထိုအခါ စိန်လိုဝင်းဝင်းတောက်ပနေတဲ့ ကြယ်တစ်လုံး အဝမ်းအနီးကို ရွေ့လာသတဲ့။ အဝမ်းဟာ အံ့သြပြီး ကြယ်ကို ဖမ်းယူအိတ်ထဲ ထည့်လိုက်သတဲ့။ အဘိုးအိုရှိရာဘက်ကို လှည့်ကြည့်လိုက်တော့ အဘိုးအို မရှိတော့ဘူး။ အဝမ်းဟာ မြေပြင်ပေါ်ပြန်ရောက်နေတာ တွေ့ရသတဲ့။

လမ်းနံဘေးက လယ်ကွင်းတွေထဲမှာ ရေတွေပြည့်နေတယ်။ ပတ်ဝန်းကျင်မှာ စိမ်းလန်းစိုပြည်နေသတဲ့။ အဝမ်းဟာ သူ့ဖခင်အိမ်ထဲကို ပြေးဝင်သွားသတဲ့။ မိဘနှစ်ပါးဟာ သားဖြစ်သူ အဝမ်းကိုမြင်တော့ အလွန်ပဲ ဝမ်းသာကြသတဲ့။

"တို့လယ်ပေါ်ကို မိုးတွေရွာချလိုက်တာ စည်ပိုင်းထဲက ရေတွေပက်ချလိုက်သလိုပဲ"လို့ မိခင်ဖြစ်သူက အားရဝမ်းသာ အဝမ်းကို ပြောပြသတဲ့။

"ဟုတ်တယ် အမေ၊ စည်ပိုင်းကြီးတဲက ရေတွေကို ပက်ချလိုက်တာ ကျွန်တော်ပဲ"လို့ အဝမ်းက ပြန်ပြောလိုက်သတဲ့။

အဝမ်းပြောတာမယုံတဲ့ ဖခင်နဲ့မိခင်ကို အဝမ်းဟာ သူ့အိတ်ထဲက ကြယ်ကြီးတစ်လုံးကို ထုတ်ပြလိုက်သတဲ့။

"ဒီလောက်ကြီးတဲ့ စိန်ကြယ်ကြီးကို ဘုရင် မင်းမြတ်ပဲ အဖိုးဖြတ်နိုင်တယ်"လို့ ပြောပြီး အဝမ်း တို့ မိသားစု နန်းတော်ကို သွားကြသတဲ့။

ဘုရင်ကြီးဟာ အဝမ်းဆက်သတဲ့ စိန်ကြယ် ကြီးကို မြင်ရတော့ ...

"စိန်၊ ရွှေ၊ ငွေ၊ ကျောက်၊ နီလာ၊ ပတ္တမြား တွေကို မြင်ဖူးလှပြီ။ ဒီလောက် ထူးဆန်းအံ့သြဖွယ် ကောင်းလှတဲ့ ကြယ်ကြီးကို အခုမှပဲ မြင်ဖူးတော့တယ်" လို့ အမိန့်ရှိသတဲ့။ ဘုရင်ကြီးဟာ ကြယ်ကြီးကို အံ့သြ ဝမ်းမြောက်စွာ ကိုင်ကြည့်နေသတဲ့။ အံ့သြဖွယ်ကြယ် ကြီးကို ယူလာဆက်သတဲ့ အဝမ်းကို ရှင်ဘုရင်ကြီးက ရွှေငွေများစွာ ပေးသနားလိုက်သတဲ့။

အဲဒီနေ့ကစပြီး အဝမ်းတို့မိသားစုဟာ ချမ်း ချမ်းသာသာနဲ့ ရာသက်ပန် ပျော်ပျော်ရွှင်ရွှင်နေထိုင်သွား ကြပါသတဲ့။

❑ ❑ ❑

## အဘွားနွား

ရှေးရှေးတုန်းက ရွာတစ်ရွာမှာ အဘွားအို တစ်ဦးရှိသတဲ့။ တစ်နေ့မှာ အဘွားအိုနေအိမ်ကို ကုန်သည်တစ်ယောက်ရောက်လာပြီး တည်းခိုပါရစေလို့ ခွင့်တောင်းသတဲ့။ အဘွားအိုကလည်း တည်းခိုပါကွယ်လို့ ခွင့်ပြုသတဲ့။

နောက်တစ်နေ့မှာ ကုန်သည်က "အဘွားအိမ်မှာ တည်းခိုရတဲ့အတွက် ကျေးဇူးတင်ပါတယ်။ တည်းခိုခအဖြစ် ဟောဒီနွားလေးကို အဘွားယူပါ"လို့ ပြောပြီးပေးခဲ့သတဲ့။

သားသမီးမရှိတဲ့ အဘွားအိုဟာ နွားကလေးကို သားလိုပဲချစ်သတဲ့။ နွားပေါက်ကလေးက အလွန်ချစ်ဖို့ကောင်းတယ်။ အနက်ရောင် မျက်ကွင်းညိုလေးပါသတဲ့။ အဘွားအိုဟာ နွားလေးကို နေ့စဉ် ယာဂု၊ ထမင်းစတဲ့ အစားအစာတွေကျွေးသတဲ့။ နွားလေးကို ရွာမှာရှိတဲ့ ကလေးငယ်တွေက "အဘွားနွား၊ အဘွားနွား"လို့ ခေါ်ကြတယ်။

ဒီလိုနဲ့ အဘွားနွားလေးဟာ တစ်နေ့တခြား ထွားလာတယ်။ ဝဝဖြိုးဖြိုးနဲ့ ချစ်စရာကောင်းတဲ့ နွားပေါက်ကလေးဖြစ်လာတယ်။ ရွာမှာရှိနေတဲ့ တခြားနွားတွေနဲ့အတူသွား အတူလာ လှည့်လည်ကျက်စားနေသတဲ့။ ကလေးတွေက အဘွားနွားရဲ့ ဦးချို၊ လည်ပင်းကိုကိုင်ပြီး တွဲလျားဆွဲပြီး ဆော့ကစားကြတယ်။ အဘွားနွားရဲ့ ကျောကုန်းပေါ် တက်ခွစီးတတ်ကြတယ်။ အမြီးကိုလည်း ကိုင်ဆွဲကစားလေ့ရှိကြတယ်။ တစ်နေ့မှာ အဘွားနွားက စဉ်းစားသတဲ့။ "ငါ့အမိအိုဟာ ဆင်းရဲလှတယ်၊ ငါ့ကို ဆင်းဆင်းရဲရဲလုပ်ကျွေးရတယ်။ ငါ့ကို

သားအဖြစ် မွေးမြူရာတယ်။ အလုပ်လုပ်ပြီး ကျေးဇူး ဆပ်ရမယ်”လို့ ဆုံးဖြတ်သတဲ့။

တစ်နေ့မှာ လှည်းကုန်သည်တစ်ဦးဟာ လှည်း ငါးရာနဲ့ ရွာဆိပ်ကမ်းကို ရောက်လာတယ်။ နွားတွေ ဟာ နွားလှည်းတွေကို ကုန်းပေါ်ရောက်အောင် ဆွဲ မတင်နိုင်ကြဘူးတဲ့။ လှည်းကုန်သည်ဟာ မြစ်ဆိပ် ကမ်းနားမှာ ဟိုလျှောက်သည်လျှောက်နဲ့ အကြံထုတ် နေသတဲ့။

အဲဒီအချိန်မှာ အဘွားနွားရောက်လာတယ်။ လှည်းကုန်သည်ဟာ အဘွားနွားကိုမြင်တော့ အလွန် အားတက်မိတယ်။ ဒီနွားလေးဟာ နွားသိုးလေးပဲ။ ခွန်အားလည်း အလွန်ကောင်းမှာပဲလို့ စိတ်ကူးမိသတဲ့။

ရွာက ကလေးငယ်တွေကို “ဒီနွားရဲ့ နွားရှင် ဟာဘယ်သူလဲ”လို့ စုံစမ်းသတဲ့။ ကလေးတွေက “နွားရှင် ဒီအရပ်မှာမရှိဘူး။ လှည်း ကခိုင်းပါ။ လှည်း တွေကို သူဆွဲတင်နိုင်ပါတယ်”လို့ ပြောကြသတဲ့။ လှည်းကုန်သည်လည်း အဘွားနွားကို နှာခေါင်းမှာ ကြိုးတပ်ဆွဲသတဲ့။ ဒါပေမဲ့ အဘွားနွားက မလိုက်ဘူး တဲ့။ ဒါနဲ့ လှည်းကုန်သည်က ငါ အလကား မခိုင်းပါ ဘူး။ လှည်းတစ်စီးကို နှစ်ကျပ်စီနဲ့ လှည်းငါးရာအတွက်

အခငွေတစ်ထောင် ပေးပါမယ်လို့ပြောမှ အဘွားနွားက လှည်းကုန်သည်နောက်ကို လိုက်သွားသတဲ့။

အဘွားနွားက ကုန်သည်ရဲ့ကုန်တင်လှည်းတွေကို တစ်စီးပြီးတစ်စီး ကုန်းပေါ်ရောက်အောင် ဆွဲတင်သတဲ့ လှည်းငါးရာ ကုန်းပေါ်ရောက်အောင် ဆွဲတင်ပြီးတဲ့အခါ လှည်းကုန်သည်က အခငွေတစ်ထောင် မပေးဘဲ ငါးရာကိုပဲ ပေးသတဲ့။

ဒီတော့ အဘွားနွားက အခငွေအပြည့်မရလို့ လှည်းလမ်းကြောင်းထိပ်က ပိတ်ပြီးရပ်နေသတဲ့။ ဖယ်ခိုင်းလို့လည်း မရဘူးတဲ့။ ဒီတော့မှ လှည်းကုန်သည်ဟာ အဘွားနွားကို သူ့ကတိပြုခဲ့တဲ့အတိုင်း ငွေတစ်ထောင်ကိုထုတ်ပြီး အဘွားနွားရဲ့ လည်ပင်းမှာ ဆွဲပေးလိုက်သတဲ့။ ဒီတော့မှ အဘွားနွားလည်း ဝမ်းသာပြီး လမ်းဖယ်ပေးလိုက်သတဲ့။ အဘွားနွားဟာ ငွေထုပ်လည်မှာဆွဲပြီး အဘွားအိုရှိရာ အမေ့အိမ်ကို ရွှင်လန်းဝမ်းမြောက်စွာ ပြန်လာသတဲ့။

ရွာသားကလေးငယ်တွေက အဘွားနွားလည်ပင်းမှာ ငွေထုပ်ကြီးနဲ့ပါလား။ ဘယ်သူဆွဲပေးလိုက်သလဲ မသိဘူး။ တို့ သွားယူရအောင်ဆိုပြီး အဘွားနွားနားကို ပြေးကပ်လာကြတယ်။ အဘွားနွားလေးက အကပ်မခံဘူး။ ငွေထုပ်ယူမှာစိုးလို့ ကလေးတွေကို

လိုက်ဝှေ့သတဲ့။ ဒါကြောင့် ကလေးတွေလည်း ထွက်ပြေးကုန်ကြသတဲ့ကွယ်။

အဘွားအိုဟာ နွားလေးရဲ့ လည်ပင်းမှာ ဆွဲထားတဲ့ငွေထုပ်ကိုမြင်တော့ "ချစ်သား၊ ဒီငွေထုပ်ကို ဘယ်က ရခဲ့တာလဲ။ အမေ့ကို ပြောပါဦး"လို့ မေးသတဲ့။ နွားလေးကလည်း "လှည်းငါးရာ ဆွဲတင်ပေးလို့ အဖိုးအခရတာပါ အမေ" လို့ ဖြေသတဲ့။ ရွာက ကလေးငယ်တွေကလည်း အဘွားအိမ်ရှေ့ နွားလေးနားမှာ ဝိုင်းအုံလာပြီး "ဟုတ်တယ် အဘွား၊ အဘွားနွားက လှည်းငါးရာ ကုန်းပေါ်ရောက်အောင် ဆွဲတင်ပေးလို့ လှည်းကုန်သည်က ဆွဲတင်ခ ငွေတစ်ထောင်ပေးလိုက်တာပါ"လို့ ဝိုင်းပြောကြသတဲ့။

ဒီတော့ အဘွားအိုက "အဘွားကို ဒီငွေနဲ့ မင်းက ကျေးဇူးဆပ်ချင်တာလား။ ဘာပြုလို့ ဒီလောက် အဆင်းရဲခံရသလဲ သားရယ်"လို့ပြောပြီး မျက်ရည်ကျသတဲ့။

လှည်းငါးရာ စွဲတင်ခဲ့ရလို့ အဘွားနွားလေးဟာ မျက်စိတွေ နီနေသတဲ့။ ကိုယ်မှာလည်း ပွန်းပဲ့နေသတဲ့။ အဘွားအိုဟာ နွားလေးကို ဆေးထည့်တယ်။ ရေနွေးနဲ့ ရေချိုးပေးတယ်။ ကိုယ်လုံးကိုလည်း

ဆီနဲ့ လိမ်းကျံပေးသတဲ့။ မောလာတဲ့ နွားလေးကို ရေတိုက်ပြီး ကျွေးမွေးပြုစုသတဲ့။

အဘွားအိုနဲ့ အဘွားနွားလေးဟာ ငြိမ်းချမ်းစွာ အသက်ထက်ဆုံး အတူတကွ နေထိုင်သွားကြသတဲ့ကွယ်။ ကျေးဇူးသိတတ်တဲ့ နွားလိမ္မာလေးလို ကလေးတို့လည်း မိဘကျေးဇူးကိုသိပြီး ကျေးဇူးဆပ်နိုင်ကြပါစေ။

❑ ❑ ❑

## ကျေးဇူးသိတတ်သောခြင်္သေ့

ဟိုးရှေးရှေးတုန်းက ခြင်္သေ့တစ်ကောင်ဟာ တောထဲက ဂူအတွင်းမှာနေသတဲ့။ တောရဲ့အနီးမှာ ရေအိုင်ကြီးတစ်အိုင် ရှိသတဲ့။ ရေအိုင်တစ်နေရာ ရွှံ့ညွန်ပေါ်မှာ မြက်နုကလေးတွေ ပေါက်နေသတဲ့။ စိမ်းနေတဲ့ မြက်နုကလေးတွေကို ယုန်ကလေးတွေ သမင်လေးတွေလာပြီး စားကြသတဲ့။

တစ်နေ့ကျတော့ ခြင်္သေ့ကြီးဟာ မြက်နုစားနေတဲ့ သမင်းကလေးကို ဖမ်းစားဖို့ တောင်ပေါ်ကနေခုန်အုပ်လိုက်သတဲ့။ သမင်ကလေးဟာ လန့်ပြီး ထွက်ပြေးသွားတယ်။ ခြင်္သေ့ကြီးလည်း အရှိန်လွန်ပြီး ရွှံ့ထဲမှာ ကျွံနစ်သွားတယ်။ ရွှံ့ထဲက ရုန်းထွက်လို့မရ၊ ရွှံ့ထဲမှာနစ်ပြီး ဒုက္ခရောက်တော ခုနစ်ရက်တောင်ကြာသွားသတဲ့ကွယ်။ ခြင်္သေ့ကြီးဟာ အစာလည်း မစားရတော့ အလွန်ဆာလောင်နေတာပေါ့ကွယ်။ အဲသလို ခြင်္သေ့ကြီး ရွှံ့ထဲနစ်နေတဲ့နေရာကို မြေခွေးမတစ်ကောင်ရောက်လာသတဲ့။ ခြင်္သေ့ကြီး ရွှံ့ထဲနစ်နေတာမြင်တဲ့ မြေခွေးမဟာ ကြောက်လန့်ပြီး ထွက်ပြေးသတဲ့။

ခြင်္သေ့ကြီးက "အို ... မြေခွေးမ၊ ထွက်မပြေးပါနဲ့"လို့ လှမ်းပြီးခေါ်လိုက်သတဲ့။ မြေခွေးမဟာ မပြေးဘဲ ခြင်္သေ့ကြီးအနီးကို ပြန်လာသတဲ့။

"အို မြွေခွေးမ၊ ငါ့ကို ကယ်ပါ"

"ကယ်တာတော့ ကယ်ချင်ပါတယ်။ ကျုပ် ကယ်ပြီးရင် ခင်ဗျား ကျုပ်ကို ကိုက်စားမှာ ကြောက်ပါ တယ်"

"မစားပါဘူး၊ စိတ်ချပါ။ သင့်ကို ကျေးဇူးဆပ် ပါမယ်"

ဒီတော့မြွေခွေးမလည်း ခြသေ့်ကြီးကို သနား ပြီး ကယ်ဖို့စီစဉ်သတဲ့။ မြွေခွေးမဟာ ခြသေ့်ရဲ့ ခြေ လေးဖက်ဆီကို မြောင်းသွယ်ပြီး ရေဝင်အောင်လုပ် သတဲ့။ မြွေခွေးမဟာ ခြသေ့်ရဲ့ ဗိုက်အောက်ကို သူ့ရဲ့ ဦးခေါင်း လျှိုသွင်းလိုက်တယ်။

"ခြသေ့်ကြီး၊ ကြိုးစားပြီး ခုန်လိုက်ပါ"လို့ မြွေခွေးမက အားပေးလိုက်သတဲ့။ ခြသေ့်ကြီးလည်း ရှိသမျှအားတွေထုတ်ပြီး ခုန်တက်လိုက်တာ ကုန်းပေါ်ကို ရောက်သွားပါရော။ မောလွန်းလို့ ခြသေ့်ကြီးဟာ နား နေသတဲ့။ အမောပြေတော့ ရေအိုင်မှာ ရေဆင်းချိုး သတဲ့။ မြွေခွေးမက ခြသေ့်ကြီး ဘာလုပ်ဦးမလဲဆိုပြီး စောင့်ကြည့်နေသတဲ့။ အဲဒီအချိန်မှာ တောထဲက ကျွဲကြီး တစ်ကောင်ကိုတွေ့လို့ ခြသေ့်ဟာ ကျွဲကြီးကို ခုန်အုပ် ပြီး သတ်လိုက်သတဲ့။ ကျွဲသားစားဖို့ မြွေခွေးမကိုခေါ်ယူ ကျွေးသတဲ့။ "အို... မြွေခွေးမ၊ သင်ကြိုက်သလောက် စားပါ။ သင်ဟာ ကျုပ်ရဲ့ အသက်သခင် ကျေးဇူးရှင်

ဖြစ်ပါတယ်”လို့ ပြောသတဲ့။ မြေခွေးမလည်း ကျွဲသားကို စားသတဲ့။ မြေခွေးမစားပြီးမှ ခြင်္သေ့ကြီးလည်း ဆာဆာနဲ့ ဗိုလ်ပြည့်အောင် ကိုက်ဖြတ်စားသတဲ့။

ခြင်္သေ့နဲ့ မြေခွေးမဟာ နှစ်ဦးသားစားသောက်ပြီးတဲ့အခါ “အို အဆွေမြေခွေးမ၊ ကျွန်ုပ်နေထိုင်ရာ ဂူသို့ လိုက်ခဲ့ပါ”ပြောပြီး မြေခွေးမကို ခေါ်ဆောင်သွားသတဲ့။ ခြင်္သေ့ကြီးဟာ မြေခွေးမကို သူ့ဂူအနီးမှာရှိတဲ့ ဂူမှာ နေစေသတဲ့။ ခြင်္သေ့ကြီးဟာ နေ့စဉ်တောထဲ ထွက်သွားပြီး အစာရှာသတဲ့။ ရလာတဲ့ သားကောင်တွေကို မြေခွေးမကို ကျွေးသတဲ့။ အဲဒီလိုနဲ့ မြေခွေးမမှာ မြေခွေးလေးတွေ မွေးဖွားလာတဲ့အထိ ခြင်္သေ့ကြီးဟာ စောင့်ရှောက်ပြီး ကျွေးမွေးဆပ်သတဲ့။ သူ့သားသမီး ခြင်္သေ့ကလေးဟာလည်း မြေခွေးလေးတွေနဲ့ ခင်မင်ပြီး အတူတူကစားကြသတဲ့။

ဒါပေမဲ့ တစ်နေ့ကျတော့ ခြင်္သေ့မကြီးဟာ သူ့ယောကျ်ားခြင်္သေ့ကြီး အစာရှာထွက်သွားတုန်း မြေခွေးမ မိသားစုကိုခေါ်ပြီး ဒီဂူမှာမနေနဲ့ ထွက်သွားကြလို့ နှင်သတဲ့။ ဒီတော့ မြေခွေးမလည်း သွားပါမယ်။ ခြင်္သေ့ကြီးအလာကို စောင့်ပါရစေလို့ တောင်းပန်သတဲ့။ မြေခွေးမကြီးဟာ မြေခွေးလေးတွေနဲ့ ခြင်္သေ့ကြီး ပြန်အလာကို စောင့်မျှော်နေကြသတဲ့။ ခြင်္သေ့ကြီး အစာတွေကို ကိုက်ချီပြန်လာတော့ မြေခွေးမ မိသားစုကိုတွေ့သတဲ့။

"အို ... မိတ်ဆွေ မြေခွေးမ၊ သင်တို့ မိသားစု ဘယ်ကိုသွားမလို့လဲ"လို့ မေးလိုက်သတဲ့။ အဲဒီအချိန်မှာ မြေခွေးမက...

"အို ... အရှင်ခြင်္သေ့၊ သင်၏ ခြင်္သေ့မက ငါတို့မိသားစု ဒီဂူမှာမနေနဲ့ ထွက်သွားဆိုလို့ ငါတို့သွားဖို့ပဲ။ သင့်ကို နှုတ်ဆက်ရအောင် စောင့်နေတာပါ"လို့ ပြောသတဲ့။

ဒီတော့ ခြင်္သေ့ကြီးဟာ ဒေါသထွက်ပြီး ခြင်္သေ့မကို ပြောသတဲ့။

"ဟိုတလောက ငါခုနစ်ရက်ပျောက်နေတာ မင်းသိလား၊ ငါ ရွံ့နွံထဲနစ်နေတာ။ ဒီမိတ်ဆွေ မြေခွေးမကယ်လို့ ခုလို ငါ အသက်မသေရတာ။ ကျေးဇူးရှင်ကို မပြစ်မှားရဘူး။ အို...မိတ်ဆွေ၊ အသင်တို့ မိသားစု ဒီကနေ ဘယ်ကိုမှ မသွားပါနဲ့။ ဒီဂူမှာပဲ နေကြပါ။ ကျွန်ုပ်ကျေးဇူးဆပ်ပါရစေဦး"လို့ တောင်းပန်သတဲ့။

အဲဒီနေ့ကစပြီး ခြင်္သေ့မိသားစုနဲ့ မြေခွေးမ မိသားစုဟာ သားစဉ်မြေးဆက် ချစ်ခင်မှုမပျက်ဘဲ ရင်းရင်းနှီးနှီး ပျော်ပျော်ရွှင်ရွှင် နေထိုင်သွားကြပါသတဲ့။

ကလေးတို့လည်း ကိုယ့်အမေပြုဖူးတဲ့ကျေးဇူးကို မမေ့ရဘူး။ ခြင်္သေ့ကြီးလို ကျေးဇူးသိတတ်တဲ့ ကလေးငယ်တွေ ဖြစ်ကြပါစေကွယ်။

❑ ❑ ❑

## ဒွေးမယ်နော်

ရှေးရှေးတုန်းက အာယုဒ္ဓယပြည်မှာ ဘုရင်ကြီးတစ်ပါး ရှိသတဲ့။ ထိုဘုရင်ကြီးရဲ့ မိဖုရားကြီးဟာ သားတော်တစ်ပါး ဖွားမြင်တော်မူသတဲ့။ သားတော်လေးဟာ လေးအတတ်မှာ အထူးကျွမ်းကျင်တတ်မြောက်လိမ့်မယ်လို့ ဗေဒင်ပညာရှိကြီးများက ဟောကိန်းထုတ်သတဲ့။ သားတော်လေးရဲ့ အမည်ကိုလည်း သုဓနုမင်းသားလို့ မှည့်ခေါ်ကြသတဲ့။

သုဓနုမင်းသား အရွယ်ရောက်တဲ့အခါ ပညာသင်ဖို့ တက္ကသိုလ်ပြည်ကို သွားသတဲ့။ တက္ကသိုလ်မှာ ပညာတွေသင်ယူခဲ့တဲ့ မင်းသားလေးဟာ လေးအတတ်မှာ ထူးချွန်စွာ တတ်မြောက်သတဲ့။ သုံးနှစ်သုံးမိုး ပညာဆည်းပူးပြီးတဲ့အခါ သုဓနုမင်းသားလေးဟာ တက္ကသိုလ်ဆရာကြီးကို ရိုသေစွာ ရှိခိုးကန်တော့ပြီး နေပြည်တော်ကို ပြန်ခဲ့ပါသတဲ့။

လမ်းခရီးကြား တောအုပ်တစ်ခုအနီးမှာရှိတဲ့ တောင်ကမ်းပါးယံ ကျောက်ဆောင်တစ်ခုကိုမှီပြီး သုဓနုမင်းသားလေး အမောဖြေနေသတဲ့။ အဲဒီအချိန်မှာပဲ နတ်သမီးခုနစ်ဖော်ဟာ ဟသ်ာငှက်တွေလို ကောင်းကင်က ပျံဆင်းလာတာကို မင်းသားလေးတွေ့ရသတဲ့။ သုဓနုမင်းသားလေးဟာ နတ်သမီးလေးတွေ ကြာမျိုးငါးပါးနဲ့ တင့်တယ်လှပတဲ့ ရေကန်မှာ ရေကစားနေကြတာကိုတွေ့တော့ အလွန်ပဲ အံ့သြမိသတဲ့။ ရေကစားပြီး နတ်သမီးလေးတွေဟာ အဝတ်တန်ဆာတွေဝတ်ဆင်ပြီး ကောင်းကင်ကို ပျံတက်ထွက်ခွာသွားကြသတဲ့။

ခဏကြာတော့ လမင်းကြီးထွက်ပေါ်လာသတဲ့။ မုဆိုးတစ်ယောက်ဟာ သားကောင်ချောင်းဖို့ ရေကန်နားကို ရောက်လာသတဲ့။ သုဓနုမင်းသားလေးကို

မြင်တော့ သားကောင်ဖြစ်မှာပဲလို့ ထင်မှတ်ပြီး မြားနဲ့ ပစ်လိုက်သတဲ့။ သုံးကြိမ်တိုင်တိုင် ပစ်ပေမယ့် မင်းသား လေးက ဘုန်းကံရှိတာကြောင့် မြားမထိမှန်ဘူးတဲ့။ မြားတွေက မင်းသားလေးရဲ့ ရှေ့နားမှာပဲ စိုက်နေသတဲ့။ မင်းသားလေး သတိရလာပြီး မုဆိုးကို လေးနဲ့ ပစ် မယ်လို့ ချိန်ရွယ်တဲ့အခါ မုဆိုးကြီးက မင်းသားလေးကို ရှိခိုးတောင်းပန်ရှာသတဲ့။ သုဓနုမင်းသားလေးလည်း မုဆိုးကြီးကို ခွင့်လွှတ်ပြီး ...

"နေ့အခါတုန်းက နတ်သမီးလေးတွေ ခုနစ် ဖော်ဟာ ကောင်းကင်က ပျံဆင်းလာပြီး ဒီရေကန်မှာ ရေကစားကြတယ်။ ဘယ်အရပ်က လာသလဲ၊ ဘယ်သူ တွေလဲ"လို့ မေးမြန်းစုံစမ်းသတဲ့။

"အရှင်မင်းသား ဒီရေကန်ကို ပုန်းတလုတ် ရေကန်လို့ ခေါ်ပါတယ်။ ဒီရေကန်ရဲ့ အရှေ့တောင် ဘက်မှာ နတ်ကိန္နရာတွေနေတဲ့ ငွေတောင်ပြည်ရှိပါ တယ်။ ငွေတောင်ပြည်ဘုရင် ဒုမရာဇာမင်းကြီးမှာသမီး တော်ခုနစ်ပါးရှိပါတယ်။ မင်းသမီးခုနစ်ဖော်ဟာ ခုနစ် ရက်တစ်ကြိမ် ပုန်းတလုတ်ကန်မှာလာပြီး ရေကစားလေ့ ရှိပါတယ် အရှင်မင်းသားလို့ ဖြေကြားသတဲ့။

"မုဆိုးကြီး၊ ဒီနတ်ကိန္နရာတွေကို ဖမ်းနိုင် သလား"လို့ မေးပြန်သတဲ့။ "ကျွန်တော်မျိုး မဖမ်း

နိုင်ပါ။ နဂါးပတ်ကျော့ကွင်းရှိသူသာ ဖမ်းနိုင်ပါလိမ့်မယ် အရှင်မင်းသား"

"မုဆိုးကြီး နဂါးပတ်ကျော့ကွင်းကို ဘယ်မှာရနိုင်သလဲ"

"နဂါးပတ်ကျော့ကွင်းကို နဂါးတို့ထံမှာ ရနိုင်ပါတယ်။ ဆရာရသေ့ပြောဖူးတာကို ကြားဖူးပါတယ်။ နဂါးတွေဟာ မြောက်သမုဒ္ဒရာကို အစာရှာထွက်လေ့ရှိပါသတဲ့။ အဲဒီအခါ ဂဠုန်ရန်ကိုကြောက်လို့ နဂါးပတ်ကျော့ကွင်းယူလာတတ်ကြတယ်လို့ ပြောဖူးပါတယ် အရှင်မင်းသား"

"မုဆိုးကြီး မြောက်သမုဒ္ဒရာကိုသွားရာ လမ်းကိုပြလော့"လို့ အမိန့်ရှိသတဲ့။

မင်းသားနဲ့ မုဆိုးကြီးဟာ မြောက်သမုဒ္ဒရာကို သွားကြသတဲ့။ သမုဒ္ဒရာကမ်းခြေကိုရောက်တော့ နဂါးတွေမြူးတူးပျော်ပါးနေတာကို တွေ့ရသတဲ့။ အဲဒီအချိန်မှာ ဂဠုန်ကြီးတစ်ကောင်ဟာ နဂါးကို ထိုးသုတ်ဖို့ ရောက်လာပါလေရော။

သုဓနုမင်းသားလေးဟာ ချက်ချင်းပဲ ဂဠုန်ကြီးကို လေးနဲ့ ပစ်ခွင်းလိုက်သတဲ့။ ဂဠုန်ကြီး ရေထဲကျပြီး သေသွားသတဲ့၊ နဂါးမင်းနဲ့ နဂါးအပေါင်းဟာ

သုခနေမင်းသားလေးကို အလွန်ပဲ ကျေးဇူးတင်ကြသတဲ့။ မင်းသားကို ကျောက်သံပတ္တမြားတွေ ပေးချင်ပါတယ်လို့ ပြောသတဲ့။ မင်းသားလေးက ကျောက်သံပတ္တမြားကို မလိုပါ။ ကျော့ကွင်းကိုသာ ခေတ္တငှားပါလို့ တောင်းဆိုသတဲ့။ နဂါးမင်းကြီးက မင်းသားလေးကို နဂါးပတ်ကျော့ကွင်း ငှားလိုက်သတဲ့။

မင်းသားနဲ့ မုဆိုးကြီးလည်း နဂါးပတ်ကျော့ကွင်းကိုယူပြီး ပုန်းတလုတ်ရေကန်ရှိရာကို ပြန်လာကြသတဲ့။ မုဆိုးကြီးကို နဂါးပတ်ကျော့ကွင်းပေးပြီး နတ်သမီးခုနစ်ဖော်ကို ဖမ်းပေတော့လို့ စေခိုင်းလိုက်သတဲ့။

မုဆိုးကြီးဟာ ပုန်းတလုတ်ရေကန်နားက ချုံမှာပုန်းပြီး နတ်သမီးလေးတွေ အလာကို စောင့်နေသတဲ့။ နတ်သမီးခုနစ်ဖော်ဟာ ရေကစားဖို့ ရေကန်ကို ပျံ့ဝဲဆင်းသက်လာကြသတဲ့။ ရေကန်မှာ ပျော်မြူးပြီး ရေကစားကြသတဲ့။

မုဆိုးကြီးဟာ နဂါးပတ်ကျော့ကွင်းနဲ့ နတ်သမီးလေးတွေရှိရာကို ပစ်လိုက်သတဲ့။ အထွေးဆုံး နတ်သမီးလေးရဲ့ လက်ဝဲဘယ်လက်ကို ရစ်ပတ်ချည်နှောင်မိသတဲ့။ နတ်သမီးလေးဟာ ထိတ်လန့်ကြောက်ရွံ့ပြီး အော်ဟစ်လိုက်သတဲ့။ အော်ဟစ်သံကြားတော့


အစ်မတော် နတ်သမီးတွေဟာ ရေကပွဲတက်ပြီး လွတ်ရာကို ပြေးကြသတဲ့။

မုဆိုးကြီးဟာ ဖမ်းမိထားတဲ့ အထွေးဆုံးနတ်သမီးလေးကို အသာအယာယူဆောင်ပြီး သုဓနုမင်းသားလေးထံ ဆက်သသတဲ့။ နတ်သမီးလေးရဲ့အမည်ကတော့ မနော်ဟရီတဲ့။ မင်းသားလေးကိုမြင်တော့ နတ်သမီးလေးက ချစ်မြတ်နိုးမိပါသတဲ့။ မင်းသားလေးကလည်း မနော်ဟရီကိုမြင်တော့ ချစ်ခင်မြတ်နိုးမိပါသတဲ့။ သုဓနုမင်းသားလေးနဲ့ မနော်ဟရီနတ်သမီးလေးတို့ဟာ မုဆိုးကြီးကို နှုတ်ဆက်ပြီး နေပြည်တော်ကို ပြန်ကြသတဲ့။ မနော်ဟရီ မင်းသမီးလေးဟာ ညီမအထွေးဆုံးဖြစ်လို့ ထွေးမယ်နော်လို့ ခေါ်ကြသတဲ့။

ကယားပြည်နယ် လွိုင်ကော်မြို့အနီးမှာ ငွေတောင်မြို့ကလေးရှိသတဲ့။ ငွေတောင်မြို့ကလေးနဲ့ ပတ်သက်ပြီး ကယားအမျိုးသားများဟာ "ထွေးမယ်နော်" ပုံပြင်လေးကို ပြောစမှတ်ပြုကြပါတယ်။ "ထွေးမယ်နော်"ကို ကယားအမျိုးသားတွေ "နန့်နောင်းခါရီ" လို့ ခေါ်ကြပါတယ်။

❑ ❑ ❑

**ဦးသန်းထွတ်**


မိုးခြိမ်းတာကြောက်တဲ့အမေ
နှင့်
အခြားဝတ္ထုတိုများ
ဦးသန်းထွတ် (ပါမောက္ခ)(ငြိမ်း)